# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ပြာသိုလဆန်း (၃)ရက် ၊ တနင်္ဂနွေနေ့ ၊ (21-12-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၃၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး၊
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

❖ **ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ လူကောင်းလူတော်ရွေးချယ်လို့ ဆန္ဒမဲပေးကြပါစို့။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ကျက်သရေဆောင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို





ပဲခူးတိုင်းဒေသကြီး ပြည်မြို့ကျက်သရေဆောင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်းကပ်လှူပူဇော်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များနှင့်အတူ ယနေ့ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ကျက်သရေဆောင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များအား ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညို၍ ပြည်မြို့ ညနေ နေဝင်ချိန်ရှုခင်းကို ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်းကပ်လှူပူဇော်သည်။

**စာမျက်နှာ ၁၉ ကော်လံ ၁**


**Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊ လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ စျေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ( ထိုင်း )၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်သို့ သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။



ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ရတနာပုံ
၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်
အယ်ဒီတာ့အာဘော်

# အွန်လိုင်းလိမ်လည်လောင်းကစားမှု ပပျောက်ရေး

ယနေ့ကမ္ဘာကြီးတွင် ဆက်သွယ်ရေးနည်းပညာများ တိုးတက်မြင့်မားလာသည်နှင့်အမျှ လူသားများအတွက် ကောင်းကျိုးများရရှိသကဲ့သို့ မကောင်းမှုနှင့် လိမ်ညာလှည့်ဖြားမှုများလည်း တိုးတက်ဖြစ်ပေါ်လျက်ရှိသည်။ အွန်လိုင်းပေါ်တွင် လောင်းကစားမှုမှအစ လူကုန်ကူးမှု၊ သတင်းတုသတင်းမှားဖြန့်ဝေမှု၊ အယောင်ဆောင်ငွေကြေးအကျိုးအမြတ်ရှာဖွေမှု စသည့်လိမ်ညာလှည့်ဖြားမှုနှင့် အွန်လိုင်းလောင်းကစားမှုမျိုးစုံတို့ပြုလုပ်နေကြသည်ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်းတိုက်ဖျက်ကြရမည်ဖြစ်သည်။

အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားလုပ်ဆောင်နေကြသူများသည် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများကို ၂၀၁၅ ခုနှစ်ခန့်မှစ၍ ဖိလစ်ပိုင်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့တွင် လုပ်ကိုင်ခဲ့ကြပြီး ၂၀၁၉ ခုနှစ်နောက်ပိုင်း၌ မြန်မာနိုင်ငံသို့ရောက်ရှိလုပ်ကိုင်ခဲ့ကြခြင်းဖြစ်သည်။ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ဆောင်နေကြသည့်သူများသည် မြန်မာနိုင်ငံသားများမဟုတ်ဘဲ နိုင်ငံခြားသားများဖြစ်ပြီး နိုင်ငံခြားသားများ၏ ၉၉ ဒသမ ၆ ရာခိုင်နှုန်းမှာ တစ်ဖက်နိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံထဲသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်လာခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ နယ်စပ်ဒေသသောင်းကျန်းသူအဖွဲ့အစည်းများ ကြီးစိုးသောနယ်မြေများတွင် အခြေချပြီး အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများကို တရားမဝင်လုပ်ဆောင်နေကြခြင်းဖြစ်သည်။ ထိုဒေသများသည် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရားလက်လှမ်းမမီသည့် အခွင့်ကောင်းကိုယူပြီး လက်နက်ကိုင်သောင်းကျန်းသူများ၏ အကာအကွယ်ကိုရယူ၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကို ခွင့်ပြုခြင်း၊ လက်ခံထားခြင်းမရှိသကဲ့သို့ နှိမ်နင်းရေးလုပ်ငန်းများတွင် နိုင်ငံတကာနှင့် တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများပပျောက်ရန်အတွက် မြန်မာ-ထိုင်း-တရုတ် သုံးနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနယ်စပ်ဒေသများတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရန် အခမ္ဘစေခိုင်းသည့်ဖြစ်စဉ်များကို သုံးနိုင်ငံနားလည်မှုရှိရှိ သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှု(Trilateral Cooperation) ပုံစံ ထိထိရောက်ရောက်ပူးပေါင်းနှိမ်နင်းလျက်ရှိသည်။ ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် ပါဝင်ပတ်သက်နေသူများကို သက်ဆိုင်ရာအိမ်နီးချင်းနိုင်ငံများနှင့်တက်ကြွစွာပူးပေါင်းပြီး ဖော်ထုတ်ဖမ်းဆီးမှုများဆောင်ရွက်ခဲ့သည်။

အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများသည် လူအများစုအပေါ်ကျူးလွန်သည့် ကြီးလေးသည့်ရာဇဝတ်မှုများဖြစ်သည်ဟု နိုင်ငံတော်အစိုးရအနေဖြင့် သတ်မှတ်ထားသည်။ နိုင်ငံတော်အစိုးရ၏မူဝါဒသည် Zero Tolerance Policy ဖြစ်ပြီး နည်းနည်းလိမ်သည်ဖြစ်စေ၊ များများလိမ်သည်ဖြစ်စေ၊ ခွင့်လွှတ်မှုမရှိ၊ ရေဆုံးရေဖျားလိုက်လံနှိမ်နင်းချေမှုန်း၍ ပြင်းပြင်းထန်ထန်နှိမ်နင်းမည့်မူဝါဒဖြစ်ပေသည်။

သို့ဖြစ်ရာ အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးကို နိုင်ငံတော်အစိုးရအနေဖြင့် သက်ဆိုင်ရာအိမ်နီးချင်းနိုင်ငံများနှင့်တက်ကြွစွာပူးပေါင်းပြီး ဖော်ထုတ်ဖမ်းဆီးမှုများဆောင်ရွက်နေသကဲ့သို့ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ အွန်လိုင်းလိမ်လည်လောင်းကစားမှုပပျောက်ရေးအတွက် ပူးပေါင်းတိုက်ဖျက်ရာတွင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# ဇလွန်မြို့နယ်တွင် မျှင်ငါးပိများ အရောင်းအဝယ်ကောင်းမွန်နေ

**ဇလွန် ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် မျှင်ငါးပိများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ငွေငွေက ပြောပြ၍ သိရသည်။

ဇလွန်မြို့နယ်တွင် မျှင်ငါးပိများ ယခုနှစ် ဒီဇင်ဘာလပထမပတ်မှ ယနေ့ထိဝယ်ယူမှုကောင်းမွန်လာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ မျှင်ငါးပိများ တစ်ရက်လျှင် ပိဿာချိန် ၅၀၀၀ မှ ၇၀၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"ဇလွန်မြို့နယ်မှာ မျှင်ငါးပိတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ လက်ရှိ မျှင်ငါးပိ တစ်ပိဿာကို ငွေကျပ် ၂၅၅၀၀၀ ထိ ပေါက်ဈေးရှိပါတယ်။ မျှင်ငါးပိတွေကို ဒေသဈေးကွက်အပြင် ဟင်္သာတဘက်နဲ့အခြားဒေသတွေက ဝယ်ယူမှုများနေလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ဒီဘက်က မျှင်ငါးပိအရောင်းအဝယ်လုပ်ကိုင်သူတွေက မျှင်ငါးပိတွေကို မှာယူတဲ့ဒေသထိ လိုက်လံပို့ပေးတာပါ။ မျှင်ငါးပိတွေ တင်ပို့ရောင်းချရတာ အခက်အခဲမရှိဘဲ အဆင်ပြေပါတယ်"ဟု ဇလွန်မြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ငွေငွေက ပြောပြသည်။

ဇလွန်မြို့နယ်တွင် မျှင်ငါးပိရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် မျှင်ငါးပိများကို အခြားဒေသများသို့ စနစ်တကျထုပ်ပိုးပြီး တင်ပို့ ရောင်းချနေကြောင်း၊ အဆိုပါ မျှင်ငါးပိများ အရောင်းအဝယ် ကောင်းလာသည့်အတွက် မျှင်ငါးပိလုပ်ကိုင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၇
ရက်
သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉

မန္တလေး — ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃

# ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၃၇၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မော်လိုက် ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၃၇၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၉၀၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၃၇၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဖောင်းပြင်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ၃၉၀၆ ဧကလျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာ ဧက ၃၇၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့ သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးနေပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရွှင်မြို့နယ် ကျောက်ကူပြင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရွှင် ဒီဇင်ဘာ ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရွှင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျောက်ကူပြင် ကျေးရွာအုပ်စု ကျောက်ကူပြင်ကျေးရွာ၌ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွှေဦးစွာ ရွှင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်လွင်မိုးက ကျောက်ကူပြင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးလုပ်ငန်းများ ယခင်ကထက် တိုးချဲ့လုပ်ကိုင်ရန်အတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်နှင့် စီမံကိန်းမှ တိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၆၀၅ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျောက်ကူပြင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂၉ ဦးကို ငွေကျပ် သိန်း ၂၇၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၉၁ ဦးကို ငွေကျပ် သိန်း ၂၁၀၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၅၃ ဦး ကို ငွေကျပ် ၁၂၅ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၇၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၀၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၄၃ လမ်း၊ သိပ္ပံလမ်းနှင့် ၆၄ အေလမ်းနေ ဦးစိုင်းစိုင်းတင့်ဆွေ မွေးနေ့အထိမ်းအမှတ်အဖြစ် ဆေးပဒေသာပင်အလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးတင်ဝင်းက လက်ခံရယူစဉ်။

# မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၇၉၃၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၇၉၃၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၂၁၉၂ ကေနှင့် ဖူးစားပြောင်း ၆၃၄၇ ကေ စုစုပေါင်း ၈၅၃၉ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၂၁၇၈ ကေ နှင့် ဖူးစားပြောင်း ၅၇၅၄ ကေ စုစုပေါင်း ၇၉၃၂ ကေ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မြင်းမူမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပြောင်း ၈၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၇၉၃၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းတွေဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေး ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြင်းမူမြို့နယ်တွင် ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ခြင်းစသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန စစ်ကိုင်းခရိုင် ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် သိမ်ကုန်းမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ သိမ်ကုန်းကျေးရွာအုပ်စု သိမ်ကုန်းမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၆၃ ဒသမ ၂ သန်းဖြင့် ဆောင်ရွက်ထားသောစိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

သိမ်ကုန်းမြောက်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၃ ဦးကို ငွေကျပ် ၃၀ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၂၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၅ ဒသမ ၂ သန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၂ ဒသမ ၇သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၇ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၆၃ ဒသမ ၂ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း အုန်းသီးနုအလုံးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ဒေသထွက် အုန်းသီးနုအလုံးရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးမြင့်က ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ်အောက်တိုဘာလအတွင်း အုန်းသီးနု အလုံးရေ ၅၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း အုန်းသီးနုအလုံးရေ ၇၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် အုန်းသီးနုအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၉၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ထွက်ရှိတဲ့ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချပါတယ်။ ရန်ကုန်ဈေးကွက်က နိုဝင်ဘာလမှာ အုန်းသီးနုတွေ ဝယ်ယူအားကောင်းလို့ အုန်းသီးနု အလုံးရေ ၇၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဒီဇင်ဘာလထဲမှာလဲ ရန်ကုန်ဈေးကွက်က အုန်းသီးနုတွေ ဝယ်ယူအားကောင်းနေပါတယ်။ ဒေသထွက်အုန်းသီးနုတွေ ဝယ်လိုအားကောင်းလာတဲ့အတွက် အုန်းစိုက်ပျိုးတဲ့သူတွေအနေနဲ့ အုန်းသီးတွေကို ရင့်တဲ့ထိ စောင့်စရာမလိုဘဲ ဝင်ငွေရရှိနေပါတယ်"ဟု ကျိုက်လတ်မြို့နယ် အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးမြင့်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အုန်းသီးနုများ အများအပြား တင်ပို့ရောင်းချနေရသည့်အတွက် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ အုန်းစိုက်ပျိုးရေးလုပ်ကိုင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဝါသနာပါရာအလုပ်ဖြင့် ဝင်ငွေရှာ

မျိုးသူ(ကုန်သွယ်မြင့်)

ကျွန်တော်တို့၏ပုံမှန်ဘဝများတွင် ငယ်စဉ်ဘဝ၌ ကျောင်းတက်ပြီး အတန်းပညာတစ်ခု၊ အဆင့်တစ်ခုရောက်လာသည့်အခါ အလုပ်အကိုင်ရှာ၍ ကိုယ်ပိုင်ဝင်ငွေရှာခဲ့ကြသည်။ ဝင်ငွေရှာရာတွင် အလုပ်ကို မည်သို့ရွေးချယ်ကြပါသနည်း။ မြို့ပြများတွင်မူ ကျောင်းသားများသည် အခွင့်အလမ်းများသည့် အလုပ်အကိုင်များအတွက် သင်တန်းများတက်ကြ၊ ငွေရှာတတ်ကြသည်။ သင်တန်းတစ်ခုတွင် သင်တန်းသားများကို "နောင် ၁၀ နှစ်ကြာလျှင် ဘာဖြစ်ချင်သလဲ၊ သင့်ရဲ့မျှော်မှန်းချက်က ဘာလဲ"ဟု မေးရာတွင် အမျိုးသားအများစုက ကိုယ်ပိုင်လုပ်ငန်းများလုပ်လိုသည်ဟုဖြေကြပြီး အမျိုးသမီးအများစုက ဖြေကြားခြင်းမပြုကြပါ။ စဉ်းစားမိသည်မှာ လက်ရှိ အလုပ်တစ်ခုရပြီးဖြစ်သော်လည်း အမျိုးသားများက ချမ်းသာကြွယ်ဝမှုကို ကိုယ်ပိုင်လုပ်ငန်းဖြင့်တည်ဆောက်မည်ဟု စိတ်ကူးထားသလားဟု ထင်မိသည်။ ကျွန်တော်တွေးမိသည်မှာ မိမိဘဝတစ်သက်တာကို မည်သို့ဖန်တီးကြမည်လဲဟု ဆယ်ကျော်သက်များ စဉ်းစားသင့်သည်၊ အနာဂတ်ကို ကြိုတင်စဉ်းစားဆင်ခြင်နေသင့်သည်ဟုထင်သည်။ အခက်အခဲများ၊ ဖြတ်ကျော်စရာများ၊ စိတ်တိုင်းမကျစရာများ၊ အဆင်မပြေမှုများကို လက်ရှိလုပ်နေသောအလုပ်တွင် ကြုံတွေ့နေရမည်သာဖြစ်သည်။ သို့သော် ဤသို့တွေ့ကြုံနေရသည့်အခက်အခဲများသည် ကိုယ့်အလုပ်၊ ကိုယ်တစ်ဦးတည်းသာမဟုတ်ဟု သိထားရန်လိုအပ်သည်။ ထိုသို့သိရှိထားပြီးမှသာ အနာဂတ်မျှော်မှန်းချက်အဖြစ် ချမှတ်အကောင်အထည်ဖော်နိုင်ရန်လိုအပ်သည်။

စိတ်ကူးယဉ်ခြင်းတွင် Mission ဟူသောလုပ်ကိုင်ရမည့်လုပ်ငန်းစဉ်များကို စနစ်တကျရေးဆွဲချမှတ်ထားခြင်းမရှိပါ။ မျှော်မှန်းချက်တွင်မူ Mission ဟူသော လုပ်ကိုင်ရမည့်လုပ်ငန်းစဉ်များကို စနစ်တကျရေးဆွဲချမှတ်ထားတတ်သည်။ သို့သော် ချမ်းသာခြင်းကို မည်သို့သတ်မှတ်မည်နည်းဟုလည်း စဉ်းစားရမည်ဖြစ်သည်။ ကျွန်တော်တို့သည် ဘဝတစ်လျှောက်အခက်အခဲများ၊ ဒုက္ခဆင်းရဲများကို တစ်ခါတစ်ရံကြုံတွေ့နေရတတ်သည်။ သို့သော် အခက်အခဲများ၊ ဒုက္ခများကို လူ့ဘောင်လူ့လောကတွင် ငွေကြေးဥစ္စာရှိလျှင် ဆင်းရဲနည်းနည်း၊ အခက်အခဲနည်းနည်းနှင့် ကျော်လွှားနိုင်တတ်သည်။ ထို့ကြောင့် ငွေကြေးချမ်းသာမှုကို တောင့်တတတ်ကြသည်။ သို့သော် ငွေကြေးချမ်းသာမှုတစ်ခုအတွက် မကောင်းသော အသက်မွေးမှုများနောက်ကိုမူ မလိုက်သင့်ကြောင်းလည်း သိနားလည်ကြသည်သာဖြစ်သည်။

ထို့ကြောင့် ချမ်းသာကိုရှာရာတွင် စိတ်ချမ်းသာခြင်း၊ လူသားဆန်ခြင်း၊ မျှတခြင်း၊ ကိုယ်ချင်းစာခြင်းတို့ဖြင့်ပေါင်းစပ်ထားသော ငွေရှာနည်းများက ပို၍ကောင်းသည်ဟု သတ်မှတ်လာကြသည်။ ထိုအထဲတွင် ဂျပန်စကားလုံးတစ်လုံးကို လေ့လာမိသည်။ မူလက သက်ရှည်ကျန်းမာသည့် ဂျပန်လူမျိုးများ ဘာကြောင့်အသက်ရာကျော်ရှည်ကြသည်ကို သိလိုသဖြင့် လေ့လာဖတ်ရှုရင်းတွေ့ရသည့်စကားလုံးဖြစ်သည်။ Ikigai အိကီဂိုင်ဟု အသံထွက်သည်ထင်သည်။ အဆိုပါစကားလုံးလေးသည် ဂျပန်စကားလုံးဖြစ်ပြီး "အသက်ရှင်ရသည့်အဓိပ္ပာယ်"ဟုဆိုသည်။ အခြားအနက်အဓိပ္ပာယ်တစ်ခုမှာ "နေ့စဉ်ဘဝကို ဆက်လက်ရှင်သန်စေသည့်အကြောင်းရင်း"ဟု ဆိုသည်။ ကျွန်တော်တို့၏ ပျော်ရွှင်မှု၊ ကျေနပ်မှု၊ ပီတိနှင့် ဘဝရည်ရွယ်ချက်များကို ရှာဖွေတွေ့ရှိခြင်းအတွက် သော့ချက်ဖြစ်သည်ဟုဆိုသည်။

**အခြေခံအယူအဆလေးချက်**

Ikigai အိကီဂိုင်တွင် အခြေခံအယူအဆလေးချက်ရှိသည်ဟု ဆိုသည်။ Ikigai အိကီဂိုင်ကို ယေဘုယျအားဖြင့် စက်ဝိုင်းသင်္ကေတဖြင့် ကိုယ်စားပြု၍စဉ်းစားနိုင်ပြီး အောက်ပါမေးခွန်းများဖြင့် ရှာဖွေနိုင်သည်။

ပထမအချက်မှာ သင်ချစ်မြတ်နိုးသောအရာဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ်ပြန်မေးကြည့်ပါ။ သင်ဘယ်အရာကို ချစ်မြတ်နိုးပါသလဲ၊ ကိုယ့်ကို စိတ်လှုပ်ရှားပျော်ရွှင်စေသောအရာက ဘာလဲဆိုသည်ကို စဉ်းစားကြည့်ရမည်ဖြစ်သည်။ အလွယ်ဆုံးဆိုရလျှင် ဝါသနာပါရာအလုပ်ကိုဆိုသည်။ ဥပမာအားဖြင့် လူတစ်ဦးသည် အသက်မွေးဝမ်းကျောင်းအားဖြင့် ကုမ္ပဏီတစ်ခုတွင် ငွေစာရင်းကိုင်အလုပ်ကိုလုပ်နေသည်။ သို့သော် သူသည် ငယ်စဉ်ကပင် ဂီတာတီးခြင်း၊ သီချင်းဆိုခြင်းကိုသာ နှစ်သက်စွာလုပ်လေ့ရှိတတ်သည်။ လက်ရှိတွင်လည်း အချိန်ရလျှင်ရသလို သီချင်းဆို၊ ဂီတာတီးလေ့ရှိပြီး သူငယ်ချင်းများနှင့် အပျော်တမ်းတီးမှုတ်သီဆိုလေ့ရှိသည်ဆိုပါက သူသည် အကျိုးအမြတ်ငွေကြေးရရာအလုပ်သည် ငွေစာရင်းကိုင်အလုပ်ဖြစ်သော်လည်း သူ့ဝါသနာပါရာသည် ဂီတဖြစ်နေသည်ကိုပြဆိုနေသည်။ လူတော်တော်များများတွင် စီးပွားရေးလုပ်ငန်းနှင့် ဝါသနာပါရာအလုပ်သည် တစ်ထပ်တည်းမဖြစ်တတ်ကြပါ။

ဒုတိယအချက်မှာ သင်ကျွမ်းကျင်ရာဖြစ်သည်။ သင့်မှာရှိသော စွမ်းရည်များ၊ အတတ်ပညာများကို ဆိုလိုသည်။ အလွယ်ဆုံးဆိုရလျှင် "ကျွမ်းကျင်ရာလုပ်ငန်း"ဖြစ်သည်။ အထက်တွင် ဝါသနာသည် ဂီတဟုဆိုသော်လည်း ဂီတတွင် အကျွမ်းကျင်ဆုံးသောတူရိယာတီးခတ်မှုမှာ တယောဖြစ်သည်ဆိုလျှင် သင်၏ဝါသနာပါသောလုပ်ငန်းမှ ကျွမ်းကျင်မှုသည် တယောတီးခြင်းဖြစ်သည်။ ဆရာဝန်တစ်ဦးတွင်လည်း ဝါသနာသည် ဆေးကုခြင်းဖြစ်သော်လည်း ကလေးများကို ကုသရခြင်းကို ပိုမိုကျွမ်းကျင်လျှင် သင်၏ကျွမ်းကျင်မှုသည် ကလေးများကို ဆေးကုသခြင်းဖြစ်သည်။

Ikigai အိကီဂိုင်၏တတိယအချက်မှာ ကမ္ဘာကြီး၏ လိုအပ်ချက်ဖြစ်သည်။ ကမ္ဘာကြီးတစ်ခုလုံးက ဘာလိုအပ်နေသလဲ။ မင်းက ဘယ်နေရာမှာဖြည့်ဆည်းပေးနိုင်သလဲ။ လောကအတွက်၊ လူအများအတွက်၊ ကမ္ဘာကြီးအတွက် မင်းက ဘာကိုဖြည့်ဆည်းပေးနိုင်သလဲ။ မလုပ်နိုင်ဟုမထင်ပါနှင့်၊ ပလတ်စတစ်သုံးစွဲမှုကို လျှော့ချပေးခြင်း၊ ဝါးတူမသုံးခြင်း၊ စက္ကူများကို အလဟဿမဖြုန်းခြင်း၊ ရေဘုံပိုင်ခေါင်းမှ ရေတစ်စက်တစ်စက်ကျနေသည်ကို မကျအောင်ပြင်လိုက်ခြင်း၊ သစ်ပင်တစ်ပင်စိုက်လိုက်ခြင်းစသည်တို့သည် ကမ္ဘာကြီးကို ကယ်တင်နေခြင်းပင်ဖြစ်သည်။ ကမ္ဘာကြီးအတွက်လိုအပ်ချက်များကို တတ်နိုင်သမျှလုပ်ပေးနိုင်ရန် လိုအပ်သည်။

စတုတ္ထအချက်မှာ သင်အကျိုးအမြတ်ရရှိနိုင်သည့်အရာဖြစ်သည်။ ဤအချက်ကမူ ရှင်းသည်။ ကိုယ့်အတွက် ငွေရှာနိုင်၊ ဝင်ငွေရနိုင်သည့်အလုပ်၊ နေရာဖြစ်သည်။ ကျွန်တော်တို့သည် ငွေရှာသည့်အခါ ဝါသနာမှ စတင်စဉ်းစားခြင်းမျိုးမပြုတတ်ဘဲ ဝင်ငွေအများဆုံးရနိုင်သည့်အလုပ်ကိုသာ စဉ်းစားတတ်သည်။ ထို့ကြောင့် အလုပ်ခွင်မပျော်ခြင်း၊ အလုပ်တွင်မတိုးတက်ခြင်း စသည်တို့လည်း နောက်ဆက်တွဲဖြစ်လာတတ်သည်။

> **❖ ဝါသနာဖြင့် မြတ်နိုးသောအလုပ်ကိုသာလုပ်ပြီး ငွေကြေးဖန်တီးနိုင်စွမ်းမရှိလျှင်လည်းမဖြစ်ပါ။ မြတ်နိုးသောအလုပ်ဖြစ်ပြီး ကျွမ်းကျင်လိမ္မာမှုမရှိပြန်လျှင်လည်း အောင်မြင်ဖြစ်ထွန်းမလာနိုင်ပါ။ မြတ်နိုးသောအလုပ်၊ ကျွမ်းကျင်မှုလည်းရှိပြီး အကျိုးအမြတ်လည်းရရှိနိုင်၍ ကမ္ဘာလောကကြီးအတွက်လည်းအကျိုးရှိသည့် လေးဖက်ညီသည့် လုပ်ငန်းကို Ikigai အိကီဂိုင်ဟုခေါ်သည်။ ထို့ကြောင့် စီးပွားရေးလုပ်ကိုင်ရာတွင်လည်း အဆိုပါလေးမျိုးပေါင်းစပ်ထားသည့် စီးပွားရေးလုပ်ငန်းဖြင့်ရပ်တည်လျှင် ဝါသနာ၊ အနစ်နာ၊ အများအကျိုးရှိသည့်အတွက် အခြားသူများလိုက်လံတုပရန်ခက်ခဲပြီး ကျွမ်းကျင်မှုနှင့်ပေါင်းစပ်ထားသဖြင့် ပြီးပြည့်စုံသောအလုပ်ဖြစ်လာသည်။ ❖**

အထက်ဖော်ပြပါအချက်များတွင် မိမိတို့ဝါသနာပါရာလုပ်ငန်းနှင့် ကျွမ်းကျင်မှုရှိခြင်းတို့ ပေါင်းစပ်နိုင်သည့်အခါတွင် စိတ်အားထက်သန်မှု Passion ကို ဖြစ်စေသည်။ ထို့အတူပင် Ikigai အိကီဂိုင်မှကျွမ်းကျင်မှုရှိခြင်းနှင့် အကျိုးအမြတ်ငွေကြေးရနိုင်သည့်အချက်ကို ပေါင်းစပ်သည့်အခါ ပရော်ဖက်ရှင်နယ်ပညာရှင်ဖြစ်လာနိုင်သည်။ အကျိုးအမြတ်ဝင်ငွေ၊ ငွေကြေးရနိုင်သည့်အချက်နှင့် ကမ္ဘာကြီးလိုအပ်ချက်ကို ပေါင်းစပ်အကောင်အထည်ဖော်နိုင်သည့်အခါတွင် Vocation ဟူသော တာဝန်ယူမှုတာဝန်ခံမှုဖြစ်လာသည်။ ကမ္ဘာကြီးအတွက် လိုအပ်ချက်ရှိသည့်အရာနှင့် ဝါသနာတို့ပေါင်းစပ်သွားသည့်အခါတွင်မူ Mission ဟူသော အလုပ်ဝတ္တရားများ၊ လုပ်ငန်းတာဝန်များဖြစ်လာသည်။

**မိမိကိုယ်ကို မေးခွန်းထုတ်ပါ**

Ikigai အိကီဂိုင်ကို မိမိကိုယ်တွင် ရှာဖွေကြည့်ရန်အတွက် မေးခွန်းထုတ်ကြည့်ပါဟုဆိုသည်။ ကိုယ်ဘာကို ကြိုက်ပါသလဲ။ ကိုယ်ဘာလုပ်ရင်ကောင်းမလဲ၊ ကိုယ်နှစ်သက်မြတ်နိုးတဲ့အလုပ်က ဘာလဲ။ လုပ်ချင်သောအရာများ၊ လုပ်သင့်သောအရာများ၊ ကိုယ်ဘာကို ကျွမ်းကျင်သလဲဆိုသောအရာများ၊ ကမ္ဘာကြီးအတွက် ကိုယ်ဘာလုပ်ပေးနိုင်သလဲဆိုသော ကိစ္စများကို မေးကြည့်ပါ။ ကိုယ့်ဘာသာမေးကြည့်ပါ။ ထို့နောက် ကိုယ်နှစ်သက်သောကိစ္စများကို မလုပ်ရသေးလျှင် လုပ်ကြည့်ပါ။ စိတ်ဝင်စားသည့်နယ်ပယ်များတွင် ဝင်ရောက်လုပ်ကိုင်ကြည့်ပါ။ အချိန်ပေးပြီး ရှာကြည့်ပါ။ ကိုယ်နှစ်သက်မြတ်နိုးသောအရာကို တွေ့ပါသလား၊ ကိုယ်နှစ်သက်မြတ်နိုးသောအလုပ်များနှင့် အကျိုးအမြတ်ရရှိနိုင်သောအလုပ်များက ယှဉ်တွဲနေပြီလား၊ ကိုယ့်ဝင်ငွေကို ဝါသနာပါရာ၊ မြတ်နိုးရာအလုပ်မှရှာနိုင်ပြီလားဆိုသည်မှာ အရေးကြီးသည်။ နားလည်သမျှဆိုရလျှင် စက်ဝိုင်းလေးခု တစ်ထပ်တည်းဆုံဆည်းရာသည် Ikigai အိကီဂိုင်ဖြစ်သည်ဟုဆိုသည်။ တစ်နည်းအားဖြင့် ကျွန်တော်တို့သည်ဝင်ငွေများရရှိနေသော်လည်း မိမိနှစ်သက်မြတ်နိုးသောအရာမဟုတ်လျှင် စိတ်အားတက်ကြွစွာဖြင့် အကောင်အထည်ဖော်နိုင်မှုနည်းပါးမည်ဖြစ်ပြီး ကျေနပ်ပျော်ရွှင်မှုမရှိသည့်ဘဝတွင် နေထိုင်နေရမည်ဟုဆိုသည်။

**စီးပွားရေးလုပ်ငန်းများနှင့် Ikigai အိကီဂိုင်**

ဝါသနာဖြင့် မြတ်နိုးသောအလုပ်ကိုသာလုပ်ပြီး ငွေကြေးဖန်တီးနိုင်စွမ်းမရှိလျှင်လည်း မဖြစ်ပါ။ မြတ်နိုးသောအလုပ်ဖြစ်ပြီး ကျွမ်းကျင်လိမ္မာမှုမရှိပြန်လျှင်လည်း အောင်မြင်ဖြစ်ထွန်းမလာနိုင်ပါ။ မြတ်နိုးသောအလုပ်၊ ကျွမ်းကျင်မှုလည်းရှိပြီး အကျိုးအမြတ်လည်းရရှိနိုင်၍ ကမ္ဘာလောကကြီးအတွက်လည်း အကျိုးရှိသည့်လေးဖက်ညီသည့်လုပ်ငန်းကို Ikigai အိကီဂိုင်ဟုခေါ်သည်။ ထို့ကြောင့် စီးပွားရေးလုပ်ကိုင်ရာတွင်လည်း အဆိုပါလေးမျိုးပေါင်းစပ်ထားသည့် စီးပွားရေးလုပ်ငန်းဖြင့်ရပ်တည်လျှင် ဝါသနာ၊ အနစ်နာ၊ အများအကျိုးရှိသည့်အတွက် အခြားသူများလိုက်လံတုပရန်ခက်ခဲပြီး ကျွမ်းကျင်မှုနှင့်ပေါင်းစပ်ထားသဖြင့် ပြီးပြည့်စုံသောအလုပ်ဖြစ်လာသည်။ လုပ်ကိုင်သူအတွက် စိတ်ချမ်းသာပျော်ရွှင်မှု၊ ပီတိတို့ကိုပါရရှိစေပြီး စိတ်ခွန်အားအပြည့်ဖြင့် အစဉ်တီထွင်ဖန်တီးနိုင်သည့်လုပ်ငန်းဖြစ်လာမည်။ ထို့ကြောင့် အသက်ရှည်ကျန်းမာစွာဖြင့် ဘဝကို အောင်မြင်စွာဖြတ်သန်းလိုပါက အဆိုပါ Ikigai အိကီဂိုင်ဟူသောလုပ်ငန်းမျိုးဖြစ်သင့်သည်ဟု ဖော်ပြလိုသည်။

သစ်ပင်စိုက်ပျိုးခြင်းကိုမြတ်နိုးပြီး ပျိုးပင်များ၊ ပန်းမန်များစိုက်ပျိုးရောင်းချပါက မြတ်နိုးသောအလုပ်ဖြစ်သဖြင့် ပန်းပင်များ၊ သစ်ပင်များကို အမြဲလှပစိမ်းလန်းနေရေး၊ အပွင့်များမှာလည်း လှသည်ထက်လှအောင် ကျွမ်းကျွမ်းကျင်ကျင်ဆောင်ရွက်နိုင်ခြင်း စသည့်အရည်အချင်းများဖြင့် ပြည့်နေမည်ဖြစ်သည်။ ထို့ပြင် သစ်ပင်များစိုက်ပျိုးခြင်းသည် ကမ္ဘာကြီး၏ကျန်းမာရေးကိုလည်း များစွာအထောက်အကူဖြစ်စေသည်။ ထို့ကြောင့် သစ်ပင်စိုက်ဝါသနာပါသူအတွက် ဝင်ငွေကောင်းအောင်လည်း ဖန်တီးနိုင်မည်ဖြစ်ပြီး Ikigai အိကီဂိုင်လုပ်ငန်းဖြစ်၍ ကိုယ်တိုင်နှင့် ပတ်ဝန်းကျင်အတွက် အကျိုးရှိသူ၊ စိတ်ချမ်းသာစေသူအဖြစ် ထင်ရှားမည်ဖြစ်သည်။ လုပ်ငန်းများတွင်လည်း အောင်မြင်မှုရမည်ဖြစ်သည်။

ထို့ကြောင့် ဂျပန်တို့၏ Ikigai အိကီဂိုင်နည်းဖြင့် စီးပွားရှာခြင်း၊ အသက်မွေးဝမ်းကျောင်းခြင်းကို ပြုလုပ်မည်ဆိုပါက ဝင်ငွေရရှိမှုကောင်းနိုင်သကဲ့သို့ စိတ်ကျေနပ်ပျော်ရွှင်မှုကိုလည်း ပေးစွမ်းသဖြင့် သက်ရှည်ကျန်းမာခြင်းကိုလည်း အကျိုးတစ်ခုအဖြစ် ရရှိလာမည်ဖြစ်သည်။ ဤနည်းလမ်းဖြင့် စီးပွားရေးကို လုပ်ကိုင်သည့်အခါတွင် ကိုယ်ပိုင်အမှတ်တံဆိပ် Brand ကို ကောင်းစွာတည်ဆောက်နိုင်သည်။ ထို့ကြောင့် အခြားသူများ တုပရန်ခက်ခဲသောအလုပ်ဖြစ်လာသည်။ ထူးခြားမှုတစ်ခုကိုလည်း အလုပ်တွင် တွေ့နေရမည်ဖြစ်သည်။ ထို့ပြင် လုပ်ငန်းတွင်လည်း ကျွမ်းကျင်လိမ္မာမှုသည် အခြားသူများထက် သာနေမည်ဖြစ်သဖြင့် လုပ်ငန်းကို ဝင်ငွေကောင်းအောင် စွမ်းဆောင်နိုင်သကဲ့သို့ ကိုယ်တိုင်ပျော်ရွှင်ကျေနပ်မှုပါရရှိသဖြင့် လုပ်ငန်းကို ဟန်ချက်ညီအောင်ထိန်းသိမ်းဆောင်ရွက်နိုင်မည်ဖြစ်သည်။ ရေရှည်တည်တံ့အောင်လည်း လုပ်ကိုင်နိုင်မည်ဖြစ်သည်။ အရေးကြီးဆုံးမှာ စိတ်ချမ်းသာစွာဖြင့် ဝင်ငွေရှာနိုင်ခြင်းပင်ဖြစ်သည်ဟု တင်ပြလိုက်ရပါသည်။

**ကိုးကား**

- **Matthew Hughes's How to find your Ikigai**

## (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေး မြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## ပြည်အကျိုးရှိဖို့ တို့မဲပေးစို့

- ရွေးကောက်ပွဲကြီး နီးလာပြီ
မဲပေးရတော့မည်။

- လူတိုင်းကိုယ်စီ သေချာတွေး
နိုင်ငံဖွံ့ဖြိုးရေး။

- အလေးထားပြီး လုပ်ဆောင်ကာ
ငြိမ်းချမ်း၍သာယာ။

- ရှိစေရာကို ရှေးရှုလျက်
လုပ်ဆောင်ရေးအတွက်။

- ထက်မြက်တက်ကြွ ရှိပေကာ
ဘာသာသာသနာ။

- စာပေနှင့် ယဉ်ကျေးမှုများ
ထည်ဝါတိုးတက်အား။

- ကြီးမားစေရန်အတွက်ကွယ်
စွမ်းမည့်ကိုယ်စားလှယ်။

- ရွေးချယ်ကာ တို့မဲပေးစို့
ပြည်ကျိုးရှိစေဖို့။ ။

မနော့သစ်(ပခုက္ကူ)

## ကလောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၈၇၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကလော ဒီဇင်ဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကလောခရိုင် ကလောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၈၇၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၂၅၀၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၄၈၇၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကလောမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်းဧက ၂၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံ စိုက်ပျိုးမှုအနေနဲ့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်"ဟု ကလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကလောမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာ ပေးလျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့် တောင်သူများအနေဖြင့်လည်း အကျိုးစီးပွား ပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများပါ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

(၂၀၆)

## ဟိုပုံးမြို့နယ် ဟိုလိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဟိုပုံး ဒီဇင်ဘာ ၂၀

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကုန်းကျိုင်းကျေးရွာအုပ်စု ဟိုလိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟိုပုံးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က ဟိုလိကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၆၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဟိုလိကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၆၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မောင်ခိုင်

## သာပေါင်းမြို့နယ် ထန်းဇင်လှကြို့ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်၍ ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

သာပေါင်း ဒီဇင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထန်းဇင်လှကြို့ကုန်းကျေးရွာအုပ်စု ထန်းဇင်လှကြို့ကုန်းကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ပိုမိုတိုးချဲ့ လုပ်ကိုင်လာနိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာပေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်က ထန်းဇင်လှကြို့ကုန်းကျေးရွာမှ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်နိုင်စေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေး ပြောကြားပြီး တက်ရောက်လာကြသော ထန်းဇင်လှကြို့ကုန်း ကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သာပေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

နွဲ့ယဉ်

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေဖတ်ကြစို့

# နိုင်ငံတကာ သတင်းများ

## တရုတ်အစိုးရ၏ အထူးသံတမန် ကမ္ဘောဒီးယားနိုင်ငံသို့ သွားရောက်



ဖနောင်ပင် ဒီဇင်ဘာ ၂၀

ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံ နယ်စပ်ပဋိပက္ခများ အဆုံးသတ်နိုင်ရေး ဆွေးနွေးရန် တရုတ်အစိုးရ၏ အာရှရေးရာ အထူးသံတမန် တိန်ရှီးကျွမ်းသည် ယခုရက်သတ္တပတ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ လာရောက်ခဲ့သည်ဟု ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်း ထုတ်ပြန်ထားကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား နယ်စပ်ပဋိပက္ခများကို ငြိမ်းချမ်းစွာ ဆွေးနွေးဖြေရှင်းနိုင်ရေးအတွက် တရုတ်နိုင်ငံအနေဖြင့် အပြုသဘောဆောင်သည့် အခန်းကဏ္ဍတွင် ဆက်လက်ပါဝင်မည်ဖြစ်ကြောင်း တရုတ်အစိုးရ အာရှရေးရာ အထူးသံတမန်တိန်ရှီးကျွမ်းက ကမ္ဘောဒီးယားခရီးစဉ်အတွင်း ပြောကြားထားသည်။

ဒီဇင်ဘာ ၈ ရက်တွင် စတင်ခဲ့သည့် ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံတို့အကြား နယ်စပ်ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေဆဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ တရုတ်အစိုးရ အထူးကိုယ်စားလှယ် တိန်ရှီးကျွမ်း သွားရောက်ခဲ့ခြင်းဖြစ်သည်။

ထိုင်းနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံ နယ်စပ် ပဋိပက္ခများအတွင်း နှစ်ဖက်ပြည်သူ အနည်းဆုံး ဦးရေ ၆၀ ခန့်သေဆုံးခဲ့ပြီး ဦးရေ ငါးသိန်းကျော် အိုးအိမ်များ စွန့်ခွာခဲ့ကြရသည်။

ထိုင်းနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံတို့အကြား လက်ရှိနယ်စပ် ပဋိပက္ခများ ငြိမ်းဆုံးရေးအတွက် အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့က သီးခြားစီ ကြိုးပမ်းလျက်ရှိသည်။

ထိုင်းနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံတို့သည် ယခုနှစ် ဇူလိုင်လကလည်း ငါးရက်ကြာ နယ်စပ်ပဋိပက္ခများ ဖြစ်ပွားခဲ့ရာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ကြားဝင်မှုဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရယူခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အိန္ဒိယနိုင်ငံ အာသံပြည်နယ်၌ အမြန်ရထား ဝင်တိုက်မှုကြောင့် တောဆင် ခုနစ်ကောင် သေဆုံး

ဒေလီ ဒီဇင်ဘာ ၂၀

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်၌ မီးရထားသံလမ်းကိုဖြတ်ကူးနေသော တောဆင်အုပ်ကို အမြန်ရထားတစ်စီးက ဝင်တိုက်ခဲ့ရာ တောဆင်ခုနစ်ကောင် သေဆုံးပြီး ဆင်ပေါက်တစ်ကောင် ဒဏ်ရာရခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

တောဆင်ရိုင်းအုပ် အကောင် ၁၀၀ သည် ရထားလမ်းဖြတ်ကူးနေမှုကို တွေ့မြင်ချိန်တွင် စက်ခေါင်းမောင်းသူက အရေးပေါ်ဘရိတ်ကို အသုံးပြုခဲ့သော်လည်း ဆင်အချို့ကို ဝင်တိုက်မိခဲ့ကြောင်း အာသံပြည်နယ် တာဝန်ရှိသူများက ပြောကြားထားသည်။

ထို့အတူ အမြန်ရထားခေါင်းတွဲနှင့် လူစီးတွဲ ငါးတွဲသည်လည်း ဆင်အုပ်ကို ဝင်တိုက်ခဲ့ပြီးနောက် လမ်းချော်ခဲ့ရသည်။

ရထားလမ်း ချော်မှုကြောင့် လိုက်ပါလာသူ ခရီးသည် တစ်ဦးတစ်ယောက်မျှ အထိအခိုက်မရှိခဲ့ကြောင်း အာသံပြည်နယ် တာဝန်ရှိသူများက ပြောကြားသည်။

ခရီးသည် ဦးရေ ၆၅၀ လိုက်ပါလာသည့် အဆိုပါ အမြန်ရထားသည် အာသံပြည်နယ် ဂူဝါဟာတီမြို့နှင့် ၇၈ မိုင်အကွာ သစ်တောနယ်မြေတစ်ခု၌ တောဆင်ရိုင်းအုပ်ကို ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။

အာရှတောဆင်ရိုင်း အကောင် ၇၀၀၀ ကျော်ရှိသည့် အာသံပြည်နယ်၌ ရထားဝင်တိုက်မှုကြောင့် တောဆင်ရိုင်းသေဆုံးမှု မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ရုရှားသမ္မတ ပူတင်၏ အထူးသံတမန် မီယာမီမြို့သို့ ထွက်ခွာ



မော်စကို ဒီဇင်ဘာ ၂၀

ရုရှားသမ္မတပူတင်၏ အထူးသံတမန် ကီရီလ်ဒီမီထရီသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အထူးသံတမန် စတိဗ်ဝစ်ကော့ဖ်နှင့် တွေ့ဆုံဆွေးနွေးရန်အတွက် အမေရိကန်နိုင်ငံ မီယာမီမြို့သို့ ယနေ့တွင် ထွက်ခွာခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားကြောင်း သိရသည်။

ရုရှားအထူးသံတမန် ကီရီလ် ဒီမီထရီသည် မီယာမီမြို့၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အထူးကိုယ်စားလှယ် စတိဗ်ဝစ်ကော့ဖ်၊ သမ္မတဒေါ်နယ်ထရမ့်၏ သမက် ဂျရက်ကုရှ်နာတို့နှင့် တွေ့ဆုံပြီး ယူကရိန်းပဋိပက္ခ အဆုံးသတ်နိုင်ရေးအတွက် ဆွေးနွေးမည်ဖြစ်သည်။

အမေရိကန်နိုင်ငံ အထူးသံတမန် စတိဗ်ဝစ်ကော့ဖ်သည် ယနေ့တွင် မီယာမီမြို့၌ ယူကရိန်း အထူးကိုယ်စားလှယ် ရပ်စတမ် အူမာရော့ဖ်နှင့်လည်း တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

သို့ရာတွင် ရုရှားအထူးသံတမန် ကီရီလ်ဒီမီထရီအနေဖြင့် မီယာမီ၌ ယူကရိန်း အထူးကိုယ်စားလှယ်နှင့်တွေ့ဆုံဆွေးနွေးရန် အစီအစဉ်မရှိကြောင်း ရုရှားအစိုးရ သတင်းအရင်းအမြစ်များက ပြောကြားထားသည်။

ယူကရိန်းနှင့် ဥရောပတာဝန်ရှိသူများက ဂျာမနီနိုင်ငံ ဘာလင်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ပြီး ရက်အနည်းငယ်အကြာတွင် ရုရှားနှင့် အမေရိကန် တာဝန်ရှိသူများက မီယာမီ၌ တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားခြင်းဖြစ်သည်။

အမေရိကန်အစိုးရ အနေဖြင့် လေးနှစ်ကျော်ကြာ ယူကရိန်း ပဋိပက္ခပြီးဆုံးရေးအတွက် ကြားဝင်ကြိုးပမ်းနေသော်လည်း လက်ရှိအချိန်သည် ရုရှားနှင့် ယူကရိန်းတို့အကြား ခိုင်မာသည့်သဘောတူညီချက်တစ်ရပ် ရယူနိုင်မှုမရှိသေးကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဒါကာမြို့၌ ဘင်္ဂလားဒေ့ရှ်အစိုးရ လုံခြုံရေး မြှင့်တင်ထား

ဒါကာ ဒီဇင်ဘာ ၂၀

လုပ်ကြံမှုကြောင့်သေဆုံးခဲ့သည့် လူငယ် နိုင်ငံရေးခေါင်းဆောင် ရှာရစ်ဖ်အိုစမန်ဟာဒီ၏ ဈာပန အခမ်းအနားမတိုင်မီ ယနေ့တွင် ဘင်္ဂလားဒေ့ရှ်အစိုးရက ပြည်တွင်းလုံခြုံရေးကို တင်းကျပ်ထားပြီး ဒါကာမြို့၌ ရဲတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင် တပ်ဖွဲ့ဝင်များ ဖြန့်ကြက်ထားကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

လူငယ် နိုင်ငံရေးခေါင်းဆောင် အိုစမန်ဟာဒီသည် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း လက်နက်ကိုင်တစ်စု၏ ပစ်ခတ်လုပ်ကြံမှုခံခဲ့ရပြီးနောက် ဒီဇင်ဘာ ၁၈ ရက်တွင် ရရှိထားသော သေနတ်ဒဏ်ရာဖြင့် သေဆုံးခဲ့ရသည်။

၎င်းသေဆုံးပြီးနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း၌ ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့ပြီး ဒါကာမြို့ရှိ သတင်းစာတိုက် နှစ်တိုက် ဖျက်ဆီးခံခဲ့ရသည်။




ပြည်သူများအနေဖြင့် အကြမ်းဖက်မှုများကို လက်မခံကြရန် ဘင်္ဂလားဒေ့ရှ် အိမ်စောင့်အစိုးရက ဒီဇင်ဘာ ၁၉ ရက်တွင် တိုက်တွန်းထားသည်။

အမျိုးသား ရွေးကောက်ပွဲများ ကျင်းပရန် နှစ်လကျော်အလိုတွင် အိုစမန်ဟာဒီ သေဆုံးမှုနှင့် ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ် အိမ်စောင့်အစိုးရသည် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် အမျိုးသားရွေးကောက်ပွဲများကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ်ပစ်မှတ်များကို အမေရိကန်နိုင်ငံက လေကြောင်းတိုက်ခိုက်မှုပြုလုပ်

ဝါရှင်တန် ဒီဇင်ဘာ ၂၀

ဆီးရီးယားနိုင်ငံ အတွင်းရှိ အစ္စလာမ္မစ်နိုင်ငံ အကြမ်းဖက်အုပ်စု(အိုင်အက်စ်) ပစ်မှတ်အများအပြားကို အမေရိကန်တပ်မတော်က ဒီဇင်ဘာ ၁၉ ရက်တွင် လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အိုင်အက်စ်အုပ်စုဝင်တစ်ဦးအဖြစ် ယူဆရသူတစ်ဦး၏ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးနှင့် အရပ်သားစကားပြန် တစ်ဦးသေဆုံးခဲ့ရမှုကို တုံ့ပြန်သည့်အနေဖြင့် ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ်ပစ်မှတ်များကို အမေရိကန်တပ်မတော်က တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဒီဇင်ဘာ ၁၃ ရက်က ဆီးရီးယားနိုင်ငံအလယ်ပိုင်း ပယ်လ်မိုင်ယာမြို့၌ အိုင်အက်စ်အဖွဲ့ဝင်တစ်ဦး၏ အလစ်အငိုက် တိုက်ခိုက်မှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားစကားပြန် တစ်ဦး သေဆုံးခဲ့ရပြီး တိုက်ခိုက်မှုကျူးလွန်သူ အိုင်အက်စ်အုပ်စုဝင်ကိုလည်း အမေရိကန် တပ်ဖွဲ့ဝင်များက ပစ်ခတ်ရှင်းလင်းနိုင်ခဲ့သည်။

အဆိုပါတိုက်ခိုက်မှုများအတွက် အိုင်အက်စ်အုပ်စုကို ပြင်းပြင်းထန်ထန် တုံ့ပြန်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြီးခဲ့သည့် ရက်ပိုင်းအတွင်း သတိပေးထားသည်။

ပြီးခဲ့သည့် လများအတွင်း အမေရိကန်နိုင်ငံ ဦးဆောင်သော အိုင်အက်စ်ချေမှုန်းရေး ညွန့်ပေါင်းအုပ်စုသည် ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ်ပစ်မှတ်များကို ဝေဟင်နှင့် မြေပြင်တိုက်ခိုက်မှုများ မကြာခဏ ပြုလုပ်လာခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ အင်္ဂါဂြိုဟ်ကင်းထောက်အာကာသယာဉ်(အမ်အာရ်အို)က အင်္ဂါဂြိုဟ်မျက်နှာပြင်ဓာတ်ပုံပေါင်း ၁၀၀၀၀၀ ထိ ရိုက်ကူးပေးခဲ့



**ဝါရှင်တန် ဒီဇင်ဘာ ၂၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) ၏ အင်္ဂါဂြိုဟ်ကင်းထောက်အာကာသယာဉ်(အမ်အာရ်အို)က အင်္ဂါဂြိုဟ်မျက်နှာပြင် ဓာတ်ပုံပေါင်း ၁၀၀၀၀၀ ထိ ရိုက်ကူးပေးခဲ့ကြောင်း ဒီဇင်ဘာ ၁၉ ရက်သတင်းများအရ သိရသည်။

အမ်အာရ်အိုအာကာသယာဉ်၌ တပ်ဆင်ထားသည့် HiRISE ကင်မရာစနစ်သည် ၎င်း၏ ပုံ ၁၀၀၀၀၀ မြောက် ဓာတ်ပုံကို အောက်တိုဘာ ၇ ရက်တွင် ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အမ်အာရ်အိုအာကာသယာဉ်၏ ပုံ ၁၀၀၀၀၀ မြောက် ဓာတ်ပုံသည် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းအရှေ့တောင်ဘက် မိုင် ၅၀ ခန့်အကွာ၌ တည်ရှိသော ဆိုင်းတစ်ပေဂျာ အမည်ရှိ နယ်မြေကို ရိုက်ကူးထားသော ဓာတ်ပုံဖြစ်ကြောင်း သိရသည်။

၂၀၀၆ ခုနှစ် မတ်လတွင် အင်္ဂါဂြိုဟ်ပတ်လမ်းအတွင်း စတင်ရောက်ရှိသည့် အမ်အာရ်အို အာကာသယာဉ်သည် အင်္ဂါဂြိုဟ်ပေါ်ရှိ ရေဓာတ်သဲလွန်စများကို ရှာဖွေစူးစမ်းနေသော အာကာသယာဉ်ဖြစ်သည်။

အမ်အာရ်အိုအာကာသယာဉ်၏ HiRISE ကင်မရာစနစ်သည် အင်္ဂါဂြိုဟ်မျက်နှာပြင် ဘူမိလက္ခဏာများကို အသေးစိတ်ဓာတ်ပုံ ရိုက်ကူးပေးနိုင်သော ကင်မရာစနစ်ဖြစ်သည်။

လက်ရှိအချိန်တွင် အင်္ဂါဂြိုဟ်ကို အမ်အာရ်အိုအာကာသယာဉ် အပါအဝင် နိုင်ငံတကာအာကာသယာဉ်ခုနစ်စင်းတို့က လှည့်ပတ်လေ့လာလျက် ရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က ကြယ်စုတစ်ခုအတွင်း ဦးတည်ရာမဲ့လွင့်မျောနေသည့် မဟာအာကာသတွင်းနက်တစ်ခုကို ထောက်လှမ်းတွေ့ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၂၀**


အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) ၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် ကြယ်စုတစ်ခုအတွင်း ဦးတည်ရာမဲ့လွင့်မျောနေသည့် မဟာအာကာသတွင်းနက်တစ်ခုကို ထောက်လှမ်းတွေ့ရှိထားကြောင်း ဒီဇင်ဘာ ၁၉ ရက် သတင်းများအရ သိရသည်။

အဆိုပါ အာကာသတွင်းနက်သည် အရွယ်အစားအားဖြင့် နေ၏ ဒြပ်ထုထက် အဆပေါင်း သန်း ၁၀၀ ပိုကြီးမားကြောင်း ယေးလ်တက္ကသိုလ်မှ အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ အာကာသတွင်းနက်သည် ကော့စမစ်အောလ်အမည်ရှိ နှစ်စင်းတွဲ ကြယ်စုစနစ်အတွင်း တစ်နာရီလျှင် မိုင် ၂ ဒသမ ၂ သန်း အမြန်နှုန်းဖြင့် ဦးတည်ရာမဲ့လွင့်မျောနေကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

ကော့စမစ်အောလ် နှစ်စင်းတွဲ ကြယ်စုကို ဖြတ်သန်းနေသည့် အဆိုပါ အာကာသတွင်းနက်၏ အမြန်နှုန်းမှာ ကမ္ဘာဂြိုဟ်ပင်လယ်ရေမျက်နှာပြင်အဆင့်တွင် အသံနှင့်အမြန်နှုန်းထက် အဆ ၃၀၀၀ ပိုများသောအမြန်နှုန်းနှင့် ညီမျှကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ကော့စမစ်အောလ် နှစ်စင်းတွဲ ကြယ်စုကို ဖြတ်ကျော်နေစဉ် ၎င်း အာကာသတွင်းနက်၏ နောက်ဘက်တွင် အလင်းနှစ် ၂၀၀၀၀၀ ရှည်လျားသည့် အမြီးတန်းတစ်ခု ချန်ထားခဲ့ကြောင်း သိရသည်။



အဆိုပါ အာကာသတွင်းနက်သည် ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က ပထမဆုံး ရှာဖွေအတည်ပြုပေးနိုင်ခဲ့သော ဦးတည်ရာမဲ့မျောလွင့်နေသည့် မဟာအာကာသတွင်းနက်နယ်မြေဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## အမေရိကန်နိုင်ငံအခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီက တစ်ရက်တည်းတွင် စတားလင့်ခ်မစ်ရှင်နှစ်ခုကို လွှတ်တင်ခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၂၀**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် ဒီဇင်ဘာ ၁၉ ရက် တစ်ရက်တည်းတွင် စတားလင့်ခ်မစ်ရှင်နှစ်ခုကို လွှတ်တင်ခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၁၉ ရက်၏ ပထမဆုံးမစ်ရှင်တွင် စတားလင့်ခ်ဂြိုဟ်တု ၂၉ စင်းပါဝင်ပြီး ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်နာရီနှင့် ငါးမိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တု ၂၉ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဒီဇင်ဘာ ၁၉ ရက် ဒုတိယမြောက် စတားလင့်ခ်မစ်ရှင်တွင် စတားလင့်ခ်ဂြိုဟ်တု ၂၇ စင်းပါဝင်ပြီး ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှ တစ်ဆင့်လွှတ်တင်ခဲ့သည်။

အဆိုပါ ဒုတိယမြောက်မစ်ရှင်လည်း အောင်မြင်မှုရှိခဲ့ပြီး လွှတ်တင်ပြီး တစ်နာရီခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် စတားလင့်ခ်ဂြိုဟ်တု ၂၇ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

အထက်ပါမစ်ရှင် နှစ်ခုစလုံးတွင် ဖယ်လ်ကွန်-၉ ဒုံးပျံများ၏ ပထမအဆင့် ပင်မဒုံးယာဉ်နှစ်စင်းစလုံးမှာ သတ်မှတ်နေရာများ၌ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# H E A L T H

## သွေးလေးဖက်နာရောဂါကဲ့သို့ ခုခံအားစနစ်ဖောက်ပြန်မှုရောဂါများဖြစ်နိုင်ခြေ မြင့်တက်လာမှုတွင် လေထုညစ်ညမ်းမှုပြဿနာတစ်စိတ်တစ်ပိုင်း ပါဝင်နိုင်

**အော့တဝါ ဒီဇင်ဘာ ၂၀**

သွေးလေးဖက်နာရောဂါ (Rheumatoid arthritis) ကဲ့သို့ ခုခံအားစနစ် ဖောက်ပြန်မှုရောဂါဖြစ်ပွားနိုင်ခြေ မြင့်တက်လာမှုတွင် လေထုညစ်ညမ်းမှုပြဿနာလည်း တစ်စိတ်တစ်ပိုင်းပါဝင်ပတ်သက်နေနိုင်ကြောင်း သုတေသနပညာရှင်များက ဒီဇင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။

လေထုညစ်ညမ်းမှုနှင့် အထိအတွေ့များသူများ၌ anti-nuclear antibodies ခေါ် ပဋိပစ္စည်း တစ်မျိုးထွက်ပေါ်မှုနှုန်း မြင့်တက်နေတတ်သည်ကို တွေ့ရကြောင်း ကနေဒါနိုင်ငံ မက်ဂီးလ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

Anti-nuclear antibodies ပဋိပစ္စည်းသည် ခုခံအားကျဆင်းမှုကြောင့် အဆစ်အမျက်ရောင်ရမ်းမှု၏ ရှေ့ပြေးလက္ခဏာများဖြစ်ကြောင်း သိရသည်။

ကနေဒါသုတေသနပညာရှင်များသည် အရွယ်ရောက်သူ ဦးရေ ၃၅၀၀ ကျော်တို့ထံမှ သွေးနမူနာများရယူ၍ anti-nuclear antibodies ပဋိပစ္စည်းများပေါ်ထွက်မှုအဆင့်ကို တိုင်းတာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ လေထုညစ်ညမ်းမှုနှင့်ထိတွေ့မှုအများဆုံးရှိနေသူများ၌ anti-nuclear antibodies ပဋိပစ္စည်းပေါ်ထွက်မှုအဆင့် မြင့်တက်လာနိုင်ခြေမှာ ပုံမှန်ထက် ၄၆ ရာခိုင်နှုန်းမှ ၅၄ ရာခိုင်နှုန်းထိ မြင့်မားနေတတ်သည်ကို တွေ့ရကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## လက်ဖက်ရည်သောက်သုံးခြင်းဖြင့် အမျိုးသမီးများအသက်အရွယ်ကြီးရင့်လာချိန်၌ တင်ပါးဆုံရိုးကျိုးအက်နိုင်ခြေကို လျှော့ချနိုင်

**ကင်ဘာရာ ဒီဇင်ဘာ ၂၀**

လက်ဖက်ရည်သောက်သုံးခြင်းဖြင့် အမျိုးသမီးများအသက်အရွယ်ကြီးရင့်လာချိန်၌ တင်ပါးဆုံရိုးကျိုးအက်နိုင်ခြေကို လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များက ဒီဇင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။

သို့ရာတွင် ကော်ဖီကိုအလွန်အကျွံသောက်သုံးခဲ့ပါက အမျိုးသမီးများအနေဖြင့် အသက်အရွယ်ကြီးရင့်လာချိန်တွင် တင်ပါးဆုံရိုးကျိုးနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း ဩစတြေးလျနိုင်ငံ ဖလင်းဒါးတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ဩစတြေးလျသုတေသနပညာရှင်များသည် လက်ဖက်ရည်ပုံမှန်သောက်သုံးသည့် အမျိုးသမီးများနှင့် ကော်ဖီပုံမှန်သောက်သုံးသည့် အမျိုးသမီးများ၏ အသက်ရလာချိန် တင်ပါးဆုံရိုးကျန်းမာရေး အခြေအနေများကို နှိုင်းယှဉ်လေ့လာခဲ့ကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ လက်ဖက်ရည်ပုံမှန်သောက်သုံးသည့် အမျိုးသမီးများ၏တင်ပါးဆုံရိုးသည် လက်ဖက်ရည်လုံးဝမသောက်သူများနှင့်နှိုင်းယှဉ်ပါက ပို၍ခိုင်မာကြံ့ခိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ လက်ဖက်ရည်တွင်ပါဝင်သော Catechin ခေါ် အပင်ထွက်ဓာတုပစ္စည်းတစ်မျိုးသည် အရိုးကျန်းမာရေးကို ထိန်းပေးနိုင်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ပြီးဆုံး၊ မြန်မာနိုင်ငံက ရွှေ သုံးခု၊ ငွေ ၂၁ ခု၊ ကြေး ၄၉ ခုဖြင့် နိုင်ငံအလိုက် အဆင့်(၇)နေရာတွင် ရပ်တည်ခဲ့

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲသည် ယနေ့တွင် ပြိုင်ပွဲအားလုံး ကျင်းပပြီးစီးခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ရွှေ သုံးခု၊ ငွေ ၂၁ ခု၊ ကြေး ၄၉ခု စုစုပေါင်း ဆုတံဆိပ် ၇၃ ခု ဖြင့် နိုင်ငံအလိုက် အဆင့်(၇)နေရာတွင် ရပ်တည်ခဲ့ကြောင်း သိရသည်။



ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆုများကို အမျိုးသား ရိုးရာခြင်းလုံးပြိုင်ပွဲ၊ အမျိုးသမီး ရိုးရာခြင်းလုံးပြိုင်ပွဲ၊ အမျိုးသားအသင်းလိုက်ဘိလိယက်ပြိုင်ပွဲတို့၌ အသီးသီး ဆွတ်ခူးခဲ့ကြသည်။

ထို့ပြင် ဆီးဂိမ်းပြိုင်ပွဲတွင် အိမ်ရှင် ထိုင်းနိုင်ငံက ရွှေတံဆိပ် ၂၃၃ ခု၊ ငွေ ၁၅၄ ခု၊ ကြေး ၁၁၂ ခု စုစုပေါင်း ၄၉၉ ခုဖြင့် နိုင်ငံအလိုက် အဆင့်ရပ်တည်မှုတွင် ထိပ်ဆုံး၌ ရပ်တည်ခဲ့ပြီး ပြိုင်ပွဲသမိုင်း တစ်လျှောက် ရွှေတံဆိပ်အများဆုံး ရရှိခဲ့သည့်နိုင်ငံအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဆီးဂိမ်းပြိုင်ပွဲ၌ အာဆီယံဒေသတွင်းနိုင်ငံများမှ ကမ္ဘောဒီးယားနိုင်ငံက နုတ်ထွက်ခဲ့ပြီး ကျန်နိုင်ငံများအားလုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဆုတံဆိပ်အနည်းဆုံး နိုင်ငံအဖြစ် တီမောလက်စ်တေ နိုင်ငံက ရွှေတံဆိပ် မရရှိခဲ့ဘဲ ငွေ တစ်ခု၊ ကြေး ခုနစ်ခုဖြင့် စုစုပေါင်း ဆုတံဆိပ် ရှစ်ခုသာ ရရှိခဲ့ခြင်းဖြစ်သည်။

၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၃၈ မျိုးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး စုစုပေါင်း ဆုတံဆိပ် ၄၉ ခုဖြင့် အဆင့်(၇)နေရာ၌သာ ရပ်တည်နိုင်ခဲ့သဖြင့် ၁၉၉၉ ခုနှစ်က ဘရူနိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲနောက်ပိုင်း ဆုတံဆိပ်အနည်းဆုံးပြိုင်ပွဲအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး လာမည့် ၂၀၂၇ ဆီးဂိမ်းပြိုင်ပွဲကို မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

## နိုင်ငံတကာ အားကစားသတင်းများ

### ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ နိုင်ငံအလိုက်ဆုတံဆိပ်ရရှိမှုအခြေအနေ

၂၀-၁၂-၂၀၂၅

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၂၃၃ | ၁၅၄ | ၁၁၂ | ၄၉၉ |
| ၂ | အင်ဒိုနီးရှား | ၉၁ | ၁၁၁ | ၁၃၁ | ၃၃၃ |
| ၃ | ဗီယက်နမ် | ၈၇ | ၈၁ | ၁၁၀ | ၂၇၈ |
| ၄ | မလေးရှား | ၅၇ | ၅၇ | ၁၁၇ | ၂၃၁ |
| ၅ | စင်ကာပူ | ၅၂ | ၆၁ | ၈၉ | ၂၀၂ |
| ၆ | ဖိလစ်ပိုင် | ၅၀ | ၇၃ | ၁၅၄ | ၂၇၇ |
| ၇ | မြန်မာ | ၃ | ၂၁ | ၄၉ | ၇၃ |
| ၈ | လာအို | ၂ | ၉ | ၂၈ | ၃၉ |
| ၉ | ဘရူနိုင်း | ၁ | ၃ | ၅ | ၉ |
| ၁၀ | တီမောလက်စ်တေ | ၀ | ၁ | ၇ | ၈ |

# ဆွစ်ဇာလန်တင်းနစ်ကစားသမား ဝေါရင်ခါ တင်းနစ်လောကမှ အနားယူတော့မည်ဟု ကြေညာ

**ဇူးရစ် ဒီဇင်ဘာ ၂၀**

ဆွစ်ဇာလန်နိုင်ငံ၏ ဂန္ထဝင် တင်းနစ် ကစားသမားကြီး ဖက်ဒဲရာနှင့် ခေတ်ပြိုင် တင်းနစ်ကစားသမားဖြစ်သူ ဂရန်းစလန်း ဆုဖလား သုံးလုံး ရထားသည့် ဝေါရင်ခါသည် တင်းနစ်လောကမှ အနားယူတော့မည်ဟု ကြေညာခဲ့ကြောင်း Deadspin သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဝေါရင်ခါသည် ဖက်ဒဲရာ အနားမယူခင် ကာလတစ်လျှောက် ဆွစ်ဇာလန်နံပါတ်(၂)တင်းနစ်ကစားသမားအနေဖြင့်သာ ဖြတ်သန်းခဲ့ရပြီး ဖက်ဒဲရာ အနားယူသွားချိန် ဆွစ်ဇာလန်နံပါတ်(၁) တင်းနစ်ကစားသမား ဖြစ်လာခဲ့သော်လည်း အသက်အရွယ်အရ အကျပိုင်း ရောက်လာပြီဖြစ်သကဲ့သို့ တင်းနစ်လောကတွင်လည်း၂၄ နှစ်တိုင်တိုင် ဖြတ်သန်းခဲ့ပြီးနောက် ၂၀၂၆ ခုနှစ်အကုန်တွင် တင်းနစ်လောကမှ အနားယူရန် ဆုံးဖြတ်ခဲ့ကြောင်း ကြေညာခဲ့သည်။

အသက် ၄၀ ပြည့်သွားပြီဖြစ်သည့် ဝေါရင်ခါသည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ဂရန်းစလန်းဆုဖလား သုံးလုံး အပါအဝင် ဆုဖလား ၁၆ လုံးထိ ဆွတ်ခူးခဲ့ကာ ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၃၈ သန်းထိ ရရှိခဲ့သူဖြစ်သည်။

တင်းနစ် လောကတွင် အကောင်းဆုံး လက်ပြန်ရိုက်ချက်ကို ရိုက်နိုင်သည့်ကစားသမားအဖြစ် သတ်မှတ်ခံထားရသူ ဝေါရင်ခါသည် ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင်လည်း အမြင့်ဆုံးအနေဖြင့် ကမ္ဘာ့အဆင့်(၃) နေရာထိ တက်ရောက်ခဲ့ဖူးသူဖြစ်သည်။

ဖက်ဒဲရာ၊ ဂျိုကိုဗစ်၊ ရာဖေးလ်နာဒယ်တို့ကြောင့်သာ ကမ္ဘာ့အဆင့်(၁)နေရာကို တက်ရောက်ခွင့် မရခဲ့သူဖြစ်သည်။

တင်းနစ်လောက သမိုင်းတွင် "Big Three" ဟု သတ်မှတ်ခံထားရသည့် ဖက်ဒဲရာ၊ ဂျိုကိုဗစ်၊ ရာဖေးလ်နာဒယ်တို့ကို အနိုင်ကစားခဲ့ဖူးသည့် ကစားသမားအနည်းစုတွင် ဝေါရင်ခါလည်း ပါဝင်ခဲ့သည်။

ဝေါရင်ခါက "ကစားသမားတိုင်းအတွက် အဆုံးသတ်ရမဲ့နေ့ဆိုတာက တစ်နေ့တော့ရောက်လာမှာပါ။ အခုဆိုရင် ကျွန်တော့်ရဲ့ ကစားသမားဘဝ စာမျက်နှာကို ပိတ်လိုက်ဖို့ အချိန်ရောက်လာပါပြီ။ ၂၀၂၆ ခုနှစ်ဟာ ကျွန်တော့်ကစားသမားဘဝရဲ့ နောက်ဆုံးနှစ်ဖြစ်လာမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Deadspin**
**Trs : AZL**

# မန်ယူအသင်းက ကွင်းလယ်လိုအပ်ချက်အတွက် ရူဘင်နာဗက်ကို ခေါ်ယူရန်ပြင်ဆင်နေ

**မန်ချက်စတာ ဒီဇင်ဘာ ၂၀**

မန်ယူအသင်းက ကွင်းလယ် လိုအပ်ချက်အတွက် အယ်လ်ဟီလယ်အသင်းမှ ကွင်းလယ်ကစားသမား ရူဘင်နာဗက်ကို ခေါ်ယူရန် ပြင်ဆင်နေကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ရူဘင်နာဗက်သည် ၂၀၂၃ ခုနှစ်က ဝုဗ်အသင်းမှ ဆော်ဒီထိပ်တန်းကလပ် အယ်လ်ဟီလယ်အသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၇ သန်းဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

ရူဘင်နာဗက်နှင့် အယ်လ်ဟီလယ်အသင်းတို့ စာချုပ်သက်တမ်းမှာ တစ်နှစ်သာ ကျန်ရှိတော့ပြီး အယ်လ်ဟီလယ် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုသော်လည်း ရူဘင်နာဗက်က စာချုပ်သစ်အတွက် ငြင်းဆိုထားပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ ပြန်လည် ပြောင်းရွှေ့ကစားလိုသည့်အတွက် အယ်လ်ဟီလယ်အသင်းက လာမည့် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၂၀ ခန့်ရရှိပါက ရောင်းချရန် ဆုံးဖြတ်ထားခြင်း ဖြစ်ကြောင်း သိရသည်။

မန်ယူအသင်းက ကွင်းလယ်ပိုင်းတွင် ကိုဘီမိုင်နူးအနေဖြင့် လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာမည် ဖြစ်သည့်အပြင် ကက်စ်မဲရိုးသည်လည်း ရာသီအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးကာလမ်းခွဲရန် နီးစပ်နေသကဲ့သို့ အူဂါတေးသည်လည်း အနာဂတ်မရေမရာ ဖြစ်နေသည့်အတွက် နည်းပြအာမိုရင်က အသင်းကွင်းလယ်ပိုင်းကို အင်အားဖြည့်တင်းရန် ရူဘင်နာဗက်ကို ပစ်မှတ်ထားနေခြင်းဖြစ်သည်။

အယ်လ်ဟီလယ် အသင်း သတ်မှတ်ထားသည့် ရူဘင်နာဗက်အတွက် ပြောင်းရွှေ့ကြေးမှာလည်း မန်ယူအသင်းအတွက် အခက်အခဲမရှိသောကြောင့် ကမ်းလှမ်းရန် ပြင်ဆင်နေကြောင်း သိရသည်။

**Ref : The Athletic**
**Trs : STA**



# အန်တိုနီဂျိုရှုအာက ဂျိတ်ပေါလ်ကို အလဲထိုးရလဒ်ဖြင့် အနိုင်ရ

**မီယာမီ ဒီဇင်ဘာ ၂၀**

WBA(Super)၊ IBF၊ WBO၊ IBO ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံဟောင်း ဗြိတိန်လက်ဝှေ့သမား အန်တိုနီဂျိုရှုအာနှင့် စိန်ခေါ်သူ အမေရိကန် လက်ဝှေ့သမား ဂျိတ်ပေါလ်တို့ ယနေ့တွင် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် မီယာမီမြို့၌ ထိုးသတ်ခဲ့ရာ အန်တိုနီဂျိုရှုအာက အလဲထိုးရလဒ်ဖြင့် အနိုင်ရခဲ့ကြောင်း GMS သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိတ်ပေါလ်သည် ဂန္ထဝင်လက်ဝှေ့သမားဟောင်းကြီး မိုင်တိုင်ဆန်ကို နှစ်ကြိမ် အနိုင်ရခဲ့ဖူးသကဲ့သို့ WBC မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဟောင်း မက္ကဆီကိုလက်ဝှေ့သမား ချာဗက်ဇ်ဂျူနီယာကိုလည်း အနိုင်ထိုးသတ်ခဲ့ပြီးနောက် အန်တိုနီဂျိုရှုအာကို စိန်ခေါ်ခဲ့ခြင်းဖြစ်သည်။




ဂျိတ်ပေါလ်သည် နာမည်ကြီး Youtuber ဘဝမှ ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကသို့ ဝင်ရောက်လာသူဖြစ်ပြီး စွမ်းဆောင်ရည်ကောင်းများပြသနေသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သည်။

ကမ္ဘာ့ချန်ပီယံ ဟောင်းများကို အနိုင်ယူခဲ့ပြီးနောက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် ပါဝင်လာခဲ့ကာ ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဆွတ်ခူးလိုသည့်အတွက် ချန်ပီယံဟောင်းဖြစ်သူ အန်တိုနီဂျိုရှုကို စိန်ခေါ်ခဲ့ခြင်းဖြစ်သည်။

အန်တိုနီဂျိုရှုအာသည် ခြောက်ချီမြောက်တွင် ဂျိတ်ပေါလ်ကို အလဲထိုးရလဒ်ဖြင့် အနိုင်ရခဲ့ပြီး ဂျိတ်ပေါလ်အနေဖြင့် မေးရိုးကျိုးခဲ့ကြောင်းလည်း သိရသည်။

ဂျိတ်ပေါလ်သည် ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကတွင် အောင်မြင်မှုများ ရရှိခဲ့သော်လည်း ကမ္ဘာ့ချန်ပီယံဟောင်း ဖြစ်သကဲ့သို့ အကောင်းဆုံးပုံစံတွင် ရှိနေသေးသည့် အန်တိုနီဂျိုရှုအာကို စိန်ခေါ်ထိုးသတ်နိုင်သည့် လယ်ဗယ်တွင် ရှိမနေကြောင်းလည်း မြင်တွေ့ခဲ့ရသည်။

အန်တိုနီဂျိုရှုအာက "ဒီစွမ်းဆောင်ရည်ဟာ ကျွန်တော့်ရဲ့ အကောင်းဆုံးစွမ်းဆောင်ရည်တွေ မဟုတ်ပါဘူး။ ပုံစံကောင်း မပြနိုင်ခဲ့ဘူး။ ဒါပေမဲ့လဲ အရေးကြီးဆုံးကတော့ ပေါလ်ကို လဲကျအောင်ထိုးသတ်နိုင်ဖို့ပါပဲ။ ကျွန်တော်ဖြစ်ချင်တဲ့ဆန္ဒအတိုင်း အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : GMS**
**Trs : AZL**

## စူပါကိုပါဖလား ဗိုလ်လုပွဲစဉ်တွင် နာပိုလီအသင်းနှင့် ဘိုလော့နာအသင်းတို့ တွေ့ဆုံ



**ရီယာ့ဒ် ဒီဇင်ဘာ ၂၀**

ဆော်ဒီအာရေဗျနိုင်ငံတွင် ကျင်းပနေသည့် စူပါကိုပါဖလား ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ဘိုလော့နာအသင်းနှင့် အင်တာမီလန်အသင်းတို့ တွေ့ဆုံခဲ့ရာတွင် ဘိုလော့နာအသင်းက ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲစဉ်တွင် နာပိုလီအသင်းနှင့် တွေ့ဆုံခဲ့ကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါပြိုင်ပွဲကို ယခင်နှစ်က စီးရီးအေ ချန်ပီယံဆုဖလားရခဲ့သည့် နာပိုလီအသင်းနှင့် အမှတ်ပေးဇယား အဆင့်(၂)နေရာတွင် ရပ်တည်ခဲ့သည့် အင်တာမီလန်အသင်း၊ ကိုပါအီတာလီယာဖလား ချန်ပီယံ ဘိုလော့နာအသင်း၊ လက်ရှိချန်ပီယံ အေစီမီလန်အသင်းတို့ ပါဝင်ခွင့်ရခဲ့ပြီး ဗိုလ်လုပွဲစဉ်ကို ဘိုလော့နာအသင်းနှင့် နာပိုလီအသင်းတို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဘိုလော့နာအသင်းသည် ဆီမီးဖိုင်နယ်အဆင့်တွင် ခြေစွမ်းပိုင်း ထက်မြက်နေသည့် အင်တာမီလန်အသင်းနှင့်တွေ့ဆုံခဲ့ရာ ပွဲစကတည်းက အင်တာမီလန်အသင်း၏ ဖိအားပေးမှုကိုခံရသဖြင့် ပွဲအစ နှစ်မိနစ်တွင် ဦးဆောင်ဂိုး ခွင့်ပြုခဲ့သော်လည်း ချေပဂိုးရရှိရေး ကြိုးပမ်းခဲ့ရာ ပွဲချိန် ၃၅ မိနစ်တွင် အော်ဆိုလီနီက ပင်နယ်တီမှတစ်ဆင့် ချေပဂိုး ပြန်လည်သွင်းယူခဲ့၍ ပထမပိုင်းတွင် သရေရလဒ် ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းတွင် အင်တာမီလန်အသင်း ကစားအားမြှင့်တင်လာမှုကြောင့် ဘိုလော့နာအသင်း ခံစစ်ကစားပုံဖြင့် ပြန်လည်တုံ့ပြန်ခဲ့ရပြီး တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ အချိန်ပို ဆက်လက်ကစားခဲ့ရသည်။

အချိန်ပိုတွင်လည်း နှစ်သင်းလုံး ဂိုးမပေးရရေး ထိန်းချုပ်ကစားခဲ့သောကြောင့် ပင်နယ်တီ ထိရောက်ရှိခဲ့ပြီး ပင်နယ်တီတွင် ဘိုလော့နာအသင်းက အင်တာမီလန်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ပြီး နာပိုလီအသင်းနှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Espn**

**Trs : ML**

## ဖီနာဘာချီအသင်းက ပီအက်စ်ဗွီအသင်းမှ ဗာမန်းကို ယူရို သန်း ၂၀ ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိ

**အစ္စတန်ဘူလ် ဒီဇင်ဘာ ၂၀**

ဖီနာဘာချီအသင်းက လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ပီအက်စ်ဗွီအသင်း ကွင်းလယ်ကစားသမား ဗာမန်းကို ပြောင်းရွှေ့ကြေး ယူရိုသန်း ၂၀ ဖြင့် ခေါ်ယူနိုင်ရန် သဘောတူညီမှု ရရှိခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၇ နှစ်ရှိ ဗာမန်းသည် ၂၀၂၂ ခုနှစ်က ဟီရန်ဗင်းအသင်းမှ ပီအက်စ်ဗွီအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ယခုနှစ် ဘောလုံးရာသီတွင် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၂ ပွဲ၌ ရှစ်ဂိုး သွင်းယူထားကာ ဂိုးဖန်တီးမှု ခုနစ်ကြိမ် ပြုလုပ်ထားသည်ထိ ခြေစွမ်းပြသနေသူဖြစ်သည်။

တူကီယဲထိပ်တန်း ဖီနာဘာချီအသင်းသည် ယခုနှစ် ဘောလုံးရာသီ တူကီယဲ စူပါလိဂ်ပြိုင်ပွဲတွင် ဂါလာတာစာရေးအသင်းနှင့် အတူ ချန်ပီယံဆုအတွက် အားပြိုင်နေသဖြင့် လာမည့် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်း ကွင်းလယ်ပိုင်းကို အင်အား ဖြည့်တင်းရန်အတွက် ဗာမန်းကို ခေါ်ယူရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

ဖီနာဘာချီအသင်းက ဗာမန်းကိုခေါ်ယူရန် ပြီးခဲ့သည့် ရက်ပိုင်းက ကစားသမားဖြစ်သူနှင့် ဆွေးနွေးမှုများလုပ်ဆောင်ခဲ့ရာ အဆင်ပြေခဲ့သည့်အတွက် ပီအက်စ်ဗွီအသင်းနှင့် ဆက်လက်ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ရာ ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀ ဖြင့် သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။

ဖီနာဘာချီ အသင်းသည် ယခုနှစ်ဘောလုံးရာသီ တူကီယဲ စူပါလိဂ်ပြိုင်ပွဲတွင် ၁၆ ပွဲ ကစားပြီးချိန်၌ ရမှတ် ၃၆ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၂)နေရာတွင် ရပ်တည်နေပြီး အဆင့်(၁)နေရာမှ ဂါလာတာစာရေး အသင်းနှင့် ရမှတ် သုံးမှတ်သာ ကွာဟသည့်အတွက် ချန်ပီယံဆုအတွက် မျှော်လင့်ချက် ရှိနေကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

## Mauritius Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် ဂျာဗစ်က အမှတ်ပေးဇယားကို ဦးဆောင်

**ပို့လူးဝစ် ဒီဇင်ဘာ ၂၀**

မောရစ်သျှနိုင်ငံတွင်ကျင်းပနေသည့် Mauritius Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် တောင်အာဖရိက ဂေါက်သီးရိုက်ကစားသမားဂျာဗစ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်ထားကြောင်း Golf Today သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပြင်သစ် ဂေါက်သီးရိုက်ကစားသမားလီဗိုင်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး စပိန် ဂေါက်သီးရိုက်ကစားသမား အယ်ဗီရာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်ခဲ့ကြသည်။



အသက် ၂၂ နှစ်သာရှိသေးသည့် ဂျာဗစ်အနေဖြင့် ပထမနေ့နှင့် ဒုတိယနေ့ နှစ်ရက်လုံး၌ အကောင်းဆုံး စွမ်းဆောင်နိုင်ခဲ့သကဲ့သို့ အနာဂတ်တွင် တောင်အာဖရိ ဂေါက်သီးရိုက် လောကအတွက် ထွန်းတောက်လာမည့် ကြယ်ပွင့်အဖြစ် သတ်မှတ်ခြင်းခံထားရသူလည်းဖြစ်သည်။

ဂျာဗစ်က "မောရစ်သျှနိုင်ငံကို လာတိုင်း အမြဲတမ်းပျော်ရွှင်ရပါတယ်။ ပြိုင်ပွဲအတွက်မဟုတ်ဘဲ အလည်အပတ် ခရီးအနေနဲ့လာရတာကိုလဲ သဘောကျပါတယ်။ အခု ပြိုင်ပွဲအတွက် လာတာဖြစ်ပြီးတော့ ပြိုင်ပွဲအတွင်းမှာလဲ အကောင်းဆုံး ကစားထားနိုင်လို့ ဝမ်းသာမိပါတယ်။ လေတိုက်နှုန်းသိပ်မများတဲ့ အတွက်ကြောင့် ကစားရတာ အဆင်ပြေပါတယ်။ ပြီးခဲ့တဲ့ရက်သတ္တပတ်က ကျွန်တော်တို့နိုင်ငံမှာကျင်းပခဲ့တဲ့ ပြိုင်ပွဲမှာ ရလဒ်ပိုင်း မကောင်းခဲ့သလို စွမ်းဆောင်ရည်ပိုင်းကလဲ အားရကျေနပ်စရာ မကောင်းခဲ့ပါဘူး။ ဒါပေမဲ့လဲ အခုဒီပြိုင်ပွဲမှာတော့ ကစားရတာ အဆင်ပြေနေပါတယ်။ နောက်ဆုံးနေ့ထိ ဒီပုံစံကို ဆက်လက် ထိန်းသိမ်းနိုင်မယ်လို့ မျှော်လင့်ပါတယ်။ နောက်ဆုံးနေ့မှာ ဘာတွေဖြစ်လာမလဲဆိုတာ စောင့်ကြည့်သွားရမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Golf Today**

**Trs : AZL**

## ဘုန်းမောက်အသင်းမှ ကစားသမားဆီမီညိုကို ခေါ်ယူရန် မန်စီးတီးအသင်း ဆွေးနွေးနေ

**မန်ချက်စတာ ဒီဇင်ဘာ ၂၀**

မန်စီးတီးအသင်းက လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဘုန်းမောက်အသင်းမှ ဆီမီညိုကို ခေါ်ယူရန် ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆီမီညိုနှင့် ဘုန်းမောက်အသင်းတို့ စာချုပ် ချုပ်ဆိုထားသည့် စာချုပ်ပါ အချက်အလက်များအရ လာမည့် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ ကာလတွင် စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် ၆၅ သန်းသာ ရှိသည့်အတွက် မန်စီးတီးအသင်းက စာချုပ်ဖျက်သိမ်းကြေးပေးချေပြီး ခေါ်ယူလိုနေခြင်းဖြစ်သည်။

ဘုန်းမောက်အသင်းက ဆီမီညိုကို လက်မလွှတ်လိုသော်လည်း ၎င်းကိုယ်တိုင်က လာမည့်ဇန်နဝါရီ ကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာလိုနေသောကြောင့် လက်လွှတ်ရရန် နီးစပ်နေခြင်းဖြစ်သည်။

ဆီမီညိုသည် ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၂ ပွဲတွင် သွင်းဂိုး ၁၃ ဂိုးနှင့် ဂိုးဖန်တီးမှု ခြောက်ကြိမ်ပြုလုပ်ကာ ခြေစွမ်းပြသနိုင်ခဲ့သကဲ့သို့ ယခုနှစ် ဘောလုံးရာသီတွင်လည်း ၁၆ ပွဲကစားပြီးချိန်တွင် သွင်းဂိုး ခုနစ်ဂိုးနှင့် ဂိုးဖန်တီးမှု သုံးကြိမ်ပြုလုပ်ထားပြီး အသင်းနှင့် အကောင်းဆုံး ခြေစွမ်းပြသနေသောကြောင့် မန်စီးတီးအသင်းက ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ဆီမီညိုကို လာမည့် ဇန်နဝါရီ ကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းအများစုက ခေါ်ယူရန် ပစ်မှတ်ထားနေသည့်အတွက် မန်စီးတီးအသင်းက လက်ဦးမှုရယူကာ လက်ရှိတွင် ဆွေးနွေးမှုများ လုပ်ဆောင်နေပြီး မန်စီးတီးအသင်းအပြင် မန်ယူအသင်းကလည်း ခေါ်ယူရန် ကြိုးပမ်းနေသော်လည်း ဆီမီညိုကိုယ်တိုင်က မန်စီးတီးအသင်းသို့သာ ပြောင်းရွှေ့ကစားလိုကြောင်း သိရသည်။

**Ref : Sky Sports**

**Trs : STA**




## အားကစားသတင်းအတိုအထွာများ

- မန်စီးတီးအသင်းက ကွင်းလယ်ပိုင်းလိုအပ်ချက်အတွက် ရိုဒရီ၏ နေရာတွင် အစားထိုးရန် ဘိုင်ယန်မြူးနစ်အသင်းမှ ကွင်းလယ်ကစားသမားပါဘလိုဗစ်ကို ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။
- ဆီဗီလာအသင်းမှ တောင်ပံကစားသမားဗားကတ်ကို ခေါ်ယူရန် စပါးအသင်းနှင့် အေဗီလာအသင်းတို့က အပြိုင်ကမ်းလှမ်းထားသော်လည်း လိဒ်ယူနိုက်တက်အသင်းက ယူရိုသန်း၂၀ ဖြင့်ခေါ်ယူရန် အသင့်ရှိကြောင်း ပြောကြားခဲ့သည်။
- စပါးအသင်းက ဂိုးသမားဗီကာရီယို၏ လက်စွမ်းပိုင်းကို စိုးရိမ်လာသောကြောင့် ဘာစီလိုနာအသင်းဂိုးသမား တာစတီဂန်ကို ခေါ်ယူရန်ပြင်ဆင်နေကြောင်း သိရသည်။

**ML**

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်နိုင်ငံက အကြီးစား Jiu Tian လေကြောင်းဒရုန်းသယ်ယူပို့ဆောင်ရေးယာဉ်ကို ပထမဆုံးစမ်းသပ်ပျံသန်း



တရုတ်နိုင်ငံသည် Jiu Tian အမည်ရှိ ကြီးမားသော လေကြောင်းဒရုန်းသယ်ယူပို့ဆောင်ရေးယာဉ်ကို ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်းခဲ့ကြောင်း Next Gen Defense သတင်းဌာနက ဒီဇင်ဘာ ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ လေကြောင်းစက်မှုကော်ပိုရေးရှင်းမှ ဤစမ်းသပ်ပျံသန်းမှုကိုတရားဝင်ကြေညာခဲ့ခြင်းဖြစ်သည်။ အဆိုပါ စမ်းသပ်ပျံသန်းမှုကို တရုတ်နိုင်ငံအနောက်မြောက်ပိုင်းရှိ Shaanxi ပြည်နယ်တွင် ပြုလုပ်ခဲ့သည်။ နိုင်ငံပိုင် Xinhua သတင်းဌာနက Jiu Tian ကို အမိုအခိုကင်းကင်း၊ ပေါင်းစပ်ထားသော နည်းပညာဆန်းသစ်တီထွင်မှုများကိုအသုံးပြု၍ အဓိကအားသာချက်များကို ပေးစွမ်းနိုင်သော နည်းပညာမြင့်မားသည့် လေကြောင်း Platform အဖြစ် သတ်မှတ်ဖော်ပြခဲ့သည်။ Jiu Tian ၏အဓိကအင်္ဂါရပ်များအနေဖြင့် မြင့်မြင့်ပျံသန်းနိုင်မှု၊ မြန်နှုန်းမြင့်မားကောင်းမွန်မှုပြေးလမ်းတို ပျံတက်၊ ပျံဆင်းနိုင်မှုစွမ်းရည်များ ပိုင်ဆိုင်ထားကြောင်း သိရသည်။

Mothership မိခင်ဒရုန်းဟုလည်း ခေါ်ဆိုသည့် Jiu Tian သည် ဒရုန်းငယ်များ သို့မဟုတ် အသေခံတိုက်ခိုက်ရေးဒရုန်းများကို အုပ်လိုက်ဖြန့်ကြက်ပစ်လွှတ်နိုင်စွမ်းရှိသည်။ ၎င်းသည် ကီလိုဂရမ် ၆၀၀၀ ကျော်ထိရှိသော စစ်လက်နက်ပစ္စည်း သို့မဟုတ် Payload များ တင်ဆောင်နိုင်စွမ်းရှိသည်။ ဤသို့ Payload အမျိုးမျိုး တင်ဆောင်နိုင်မှုစွမ်းရည်ကြောင့် Jiu Tian သည် ဝေဟင်ထောက်လှမ်းရေး၊ စောင့်ကြည့်ရေးနှင့် ကင်းထောက်ရေး၊ အီလက်ထရွန်နစ်စစ်ဆင်ရေး အခန်းကဏ္ဍများအဖြစ် လိုအပ်သလို ပြောင်းလဲလုပ်ဆောင်နိုင်သည်။ Jiu Tian သည် ဒရုန်းအုပ်များကို ထိန်းချုပ်ရန်သာမက စစ်ဆင်ရေးလိုအပ်ချက်အရ ထောက်လှမ်းရေးနှင့် အီလက်ထရွန်နစ်တိုက်ခိုက်ရေးစနစ်များပါ လုပ်ဆောင်နိုင်သည့် ဘက်စုံသုံးမဟာဗျူဟာသယ်ယူပို့ဆောင်ရေးယာဉ် ဖြစ်လာကြောင်း သိရသည်။

အမြင့်ဆုံးပျံတက်နိုင်သော အလေးချိန်မှာ ၁၆ တန်ရှိသည်။ ၎င်းသည် ပုံမှန်လူစီးသယ်ယူပို့ဆောင်ရေး လေယာဉ် အရွယ်အစားနှင့် နီးစပ်သည်။ လေထဲတွင် ၁၂ နာရီကျော်ထိ ပျံသန်းနိုင်စွမ်းရှိသည်။ အမြင့်မီတာ ၁၅၀၀၀ ထိ ရောက်ရှိနိုင်သည်။ Xinhua သတင်းဌာနက Jiu Tian ၏ အတန်းအစားတွင် အကောင်းဆုံးများထဲမှတစ်ခုအဖြစ် ဖော်ပြခဲ့သည်။ ဒရုန်းငယ်များပစ်လွှတ်ခြင်း၊ ထောက်လှမ်းရေး၊ စောင့်ကြည့်ရေးနှင့် ကင်းထောက်ရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းထက်ကျော်လွန်၍ Jiu Tian သည် အခြားသောမစ်ရှင်များကိုလည်း ပံ့ပိုးရန်ဖြစ်သည်။ ကုန်းလမ်းသွားလာရန် ခက်ခဲသောနေရာများသို့ လေးလံသောကုန်ပစ္စည်းများ ပို့ဆောင်ခြင်း၊ သွားလာရန်ခက်ခဲသောနေရာများတွင် ဆက်သွယ်ရေးများကို ပြန်လည်ထူထောင်ပေးခြင်း၊ ဘေးအန္တရာယ် သို့မဟုတ် ထိခိုက်မှုရှိသောနေရာများကို အပေါ်မှထောက်လှမ်းခြင်းဖြင့် ဆေးဘက်ဆိုင်ရာနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အကူအညီပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**China Flies Huge ‘Mothership’ Drone for First Time ကို ဘာသာပြန်ဆိုထားပါသည်။**

## အိန္ဒိယနိုင်ငံက ရေတပ်အတွက် အပေါ့စားခရုဇ်ဒုံးကျည် LRP2GM ကို ထုတ်ဖော်ပြသခဲ့

အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးစက်မှုလုပ်ငန်း JSR Dynamics သည် အိန္ဒိယရေတပ်အတွက် တီထွင်ထုတ်လုပ်ထားသော အပေါ့စားခရုဇ်ဒုံးကျည် LRP2GM (Long Range Powered Precision Guided Munition) သစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း Defence Blog သတင်းဌာနက ဒီဇင်ဘာ ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံ၏ အပေါ့စားခရုဇ်ဒုံးကျည် LRP2GM သည် အလေးချိန်ပေါ့ပါးသော ခရုဇ်ဒုံးကျည်အမျိုးအစားဖြစ်ပြီး ၎င်း၏စုစုပေါင်းအလေးချိန်မှာ ကီလိုဂရမ် ၃၆၀ မှ ကီလိုဂရမ် ၃၉၀ ကြားရှိကာ ကီလိုဂရမ် ၄၀၀ ဒုံးကျည်အတန်းအစားတွင် ပါဝင်သည်။ ဒုံးကျည်၏ အလျားမှာ ၄ ဒသမ ၅ မီတာဖြစ်ပြီး တောင်ပံအကျယ်မှာ ၂ ဒသမ ၂ မီတာထိရှိသည်။ ဤဒုံးကျည်ကို မြေပြင်မှ သို့မဟုတ် သင်္ဘောမှပစ်လွှတ်ရန် ရည်ရွယ်ဒီဇိုင်းထုတ်ထားကာ တာဘိုဂျက်အင်ဂျင်ဖြင့် စွမ်းအင်ပေးထားသည်။ စွမ်းဆောင်ရည်အားဖြင့် LRP2GM သည် အများဆုံးအမြန်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၁၀၀၀ ခန့်ဖြင့် ပျံသန်းနိုင်ပြီး အမြင့် ၁၀ ကီလိုမီတာထိ လေထဲတွင် ၄၅ မိနစ်ခန့်ကြာ ပျံသန်းနိုင်စွမ်းရှိကြောင်း သိရသည်။

မိတ်ဆက်ပြသခဲ့သော LRP2GM ဒုံးကျည်၏ အပြင်ပန်းဒီဇိုင်းသည် ရေဒါထောက်လှမ်းမှုကိုလျှော့ချရန် ရည်ရွယ်သည့် ချောမွေ့သော ကိုယ်ထည်နှင့် ပေါင်းစပ်ထားသော မျက်နှာပြင်များ ပါဝင်သည့် ဖုံးကွယ်နိုင်စွမ်းမြင့်မားသော ဖွဲ့စည်းပုံကို ထင်ဟပ်စေလျက်ရှိသည်။ အိန္ဒိယနိုင်ငံ ကာကွယ်ရေးစက်မှုလုပ်ငန်း JSR Dynamics သည် LRP2GM ဒုံးကျည်ကို တိကျစွာလုပ်ဆောင်မည့် စစ်ဆင်ရေးများအတွက် အကောင်းဆုံးပြင်ဆင်ထားသည့် ကိုယ်ပျောက်ခရုဇ် ဒုံးကျည်အဖြစ် တီထွင်ထုတ်လုပ်နေခြင်းလည်း ဖြစ်ကြောင်း သိရသည်။

အိန္ဒိယရေတပ်၏ LRP2GM ဒုံးကျည်ကို စိတ်ဝင်စားမှုသည် ပြည်တွင်းထုတ် စစ်လက်နက်ပစ္စည်းများကို ဆက်လက်ချဲ့ထွင်နေပြီး ရေကြောင်းနှင့် ကမ်းရိုးတန်းနယ်ပယ်များတစ်လျှောက်တွင် လိုက်လျောညီထွေရှိသော တိုက်စစ်သုံးလက်နက်များ ထပ်မံရှာဖွေနေချိန်နှင့် တိုက်ဆိုင်နေသည်။ ရုရှားနိုင်ငံ၊ အနောက်နိုင်ငံများနှင့် ပြည်တွင်းမှရရှိသော ဒုံးကျည်မျိုးစုံကို အသုံးပြုနေသည့် အိန္ဒိယရေတပ်သည် အပေါ့စားခရုဇ် ဒုံးကျည်များစွာတွင် ပေါင်းစပ်အသုံးပြုနိုင်သောစနစ်များအပေါ် ပိုမိုအလေးပေးလာခဲ့သည်။

အိန္ဒိယရေတပ်သည် LRP2GM ဒုံးကျည်များကို မြေပြင်အခြေစိုက်နှင့် လေယာဉ်တင် သင်္ဘောအခြေစိုက် လေယာဉ်များတွင် တပ်ဆင်ရန်ဖြစ်သော်လည်း ပေါင်းစည်းအသုံးပြုသွားမည့်အချိန်ကာလ သို့မဟုတ် ရွေးချယ်မှုနှင့်ပတ်သက်၍ တရားဝင်ကြေညာထားခြင်းမျိုး မရှိသေးကြောင်း သိရသည်။

ဤဒုံးကျည်သည် ကီလိုဂရမ် ၄၀၀ အတန်းအစားရှိပြီး တာဘိုဂျက်အင်ဂျင်ဖြင့် တစ်နာရီလျှင် ကီလိုမီတာ ၁၀၀၀ အမြန်နှုန်းဖြင့် ပျံသန်းနိုင်ကာ အရေးအကြီးဆုံးမှာ ၎င်း၏ချောမွေ့သော ကိုယ်ထည်ဒီဇိုင်း ပေါင်းစပ်လမ်းညွှန်မှုစနစ်တို့ကြောင့် ပြင်းထန်သော လျှပ်စစ်သံလိုက်လှိုင်း ပတ်ဝန်းကျင်တွင်ပင် ငါးမီတာအောက်သာ လွဲမှားနိုင်သော တိကျမှုဖြင့် တာဝေးပစ်တာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်သည်။ အိန္ဒိယရေတပ်က ဤစနစ်ကို စိတ်ဝင်စားခြင်းသည် ရေကြောင်းနယ်ပယ်တွင် လိုက်လျောညီထွေရှိပြီး အပေါ့စားခရုဇ်ဒုံးကျည် အစီအစဉ်များစွာတွင် ပေါင်းစည်းအသုံးပြုနိုင်သော ကိုယ်ပျောက်ထိုးစစ်စွမ်းရည်ကို အလျင်အမြန်ပိုင်ဆိုင်လိုသည့် ရည်ရွယ်ချက်ကို ထင်ဟပ်နေသည်။ ဒုံးကျည်သည် အိန္ဒိယနိုင်ငံ၌ တရုတ်နှင့် ပါကစ္စတန်တို့၏ လေကြောင်းကာကွယ်ရေးစနစ်များကို စိန်ခေါ်နိုင်မည့် ထိရောက်သောဟန့်တားရေးလက်နက်တစ်ခုကို တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။



**India develops new stealth cruise missile ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing meets with departmental officials, local elders, MSME entrepreneurs in Minbu, discusses regional development

## Develop the country through collective efforts with civic pride and passion for the good of the country



Senior General Min Aung Hlaing inspects the upgrading tasks of the district football grounds in Minbu.

**Nay Pyi Taw December 20**

Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing met with departmental officials, local elders, MSME entrepreneurs at Minbu U Aw Ba Hall of the Sasana Beikmantaw in Minbu this morning and discussed regional development.

Also present at the meeting together with the Senior General were SSPC Secretary General Ye Win Oo, union ministers, Magway Region Chief Minister U Tint Lwin, senior military officers from Office of Commander-in-Chief, the Central Command commander, officials, and members of the region government.

**Reports on regional points and requirements for development of the region**

First, the Minbu District administrator reported on regional development undertakings, progress in realizing the directives of the Head of State, agricultural undertakings, efforts for the main crops to hit the yield target, rice and edible oil sufficiency in the district, success in the cultivation of oil crops zone wise, success in cotton cultivation, production of agro-based goods, education development undertakings, opening of basic education high schools on agriculture and livestock, erection of solar-power river water pumping stations for irrigating crops with sufficient amount of water, efforts for development of roads and bridges, township-wise preparations for the successful the coming election in Minbu District, and production of oil and gas and coal in the district.

The region chief minister presented a supplementary report on success of farming activities in the district and efforts for hitting the crop targets, endeavours for ensuring rice sufficiency in Magway Region, greater success achieved in crop cultivation thanks to the solar-power pumping stations that are providing adequate volume of water for irrigation, rise in GDP of the Region thanks to the increase in ago-products, and efforts to turn the Region into the main cotton and edible oil producer.

Elders from Minbu presented the requirement of lecture halls at the basic education high school (branch) at Kaungtha village, Minbu Township, the need to further extend solar-power pumping stations to provide enough water for crops, and other requirements of the region.

**Union ministers' response to the reports**

Union ministers, Lt-Gen Tun Tun Naung, U Min Naung, U Hla Moe, and U Khin Maung Yi, explained the ongoing activities on strengthening rule of law to ensure peace and stability in the entire country, undertakings to ensure correctness of the voter list at the coming multiparty democracy general election and its success, counternarcotic operations, anti-online scam and gambling operations, and the transfer of illegal foreigners back to their countries, the requirement of public participation in eliminating the online scam as the government is launching the anti-online-scam activities as a national task, provision of irrigation water through river water pumping stations, the need to contact the relevant ministries as the State is fulfilling the requirements for development of farming activities, research programs for erecting solar-power river water pumping stations and tapping groundwater at the villages which needed more water supply for cultivation, which is included in the presentation, year-wise findings on the forest cover in Magway Region and Minbu District, nationwide environmental greening activities and the public involvement.

**Pay attention to regional development by encouraging production business based on agriculture and livestock**

In his address, the Senior General said the visit is to fulfill the needs for progress of the Minbu area. Beans and cotton are the main crops of the area around Minbu which has sufficient rice. The area will gain more progress if it can meet the crop targets. Failure to meet the crop target just in Minbu District caused over Ks 500 billion shortage in earnings. Hence, a lot of economic developments can be seen just by hitting the crop target. Cotton that thrives well in the area needs to meet the target. The country's cotton sown acreage is about 500,000 acres and the country will be able to manufacture more finished cotton yarn by increasing cotton per acre yield.

*See Page 12*



Senior General Min Aung Hlaing inspects functioning in Minbu General Hospital.




Senior General Min Aung Hlaing meets departmental officials, local elders, and MSME entrepreneurs in Minbu.

*From Page 11*

He stated that in carrying out agricultural activities, it's necessary for data and figures to be accurate when submitting reports, noting that throughout different eras in our country, there've been discrepancies in figures regarding agricultural output. He emphasized that only when data and statistics are accurately known can the country's development be further analyzed and implemented; therefore, he's urging those involved in operations to strive to meet target goals and calling on data collectors to ensure they obtain correct statistics. He concluded that we must all genuinely work for our country's development, and it's essential that necessary requirements are fulfilled to enable such work.

Regarding achieving per-acre target goals, he stated that they have conducted field research and interviewed those practically engaged in agriculture and livestock farming across various regions and states about their needs for seeds, soil, water, and techniques. In doing so, we've asked simple questions about fundamental factors and requirements that need to be fulfilled regarding agriculture and livestock. According to the findings, it's been observed that nine types of crops are grown in the Minbu region. Identified weaknesses include both human and financial shortcomings. In terms of soil preparation, sufficient plowing can be performed, and if chemical fertilizers are needed, natural fertilizers can also be added. To help meet fertilizer needs, the state's been providing agricultural loans. He also stated that if labor's unavailable to ensure full plant populations, systematic sowing using feed seeders will greatly help in meeting per-acre yield targets, and he noted that instead of relying on traditional agricultural practices, it's necessary to study and apply modern techniques to increase crop yields.

Regarding agricultural water requirements, solar-powered river water pumping projects are being implemented within the Magway Region, and since agriculture's the primary industry of the Minbu region, I'm working to advance and transform agricultural operations. He noted that if agro-based manufacturing industries can be developed using local agricultural products, the socio-economic lives of the people in the region will further improve. He stated that the state's encouraging and implementing measures for the success of agriculture and livestock activities while providing necessary inputs, and it's essential to use various methods to ensure a sufficient supply of irrigation water, which is a primary requirement. He noted that the state's also working to provide high-quality seeds that are compatible with the local region and that, regarding livestock activities, it's necessary to breed and produce enough to meet local consumption needs. He further emphasized that in addition to goat farming, which thrives in the area, basic food sources like poultry, pigs, and cattle must also be successfully farmed, adding that feed requirements for these livestock activities can be met by utilizing local agricultural products as a base.

**Securing quality human resources and environmental conservation**

He stated that quality human resources equipped with knowledge and technical skills are necessary to successfully carry out agriculture and livestock operations, and he noted that, just as the saying goes "National discipline begins at school," one will only possess technical expertise if they have formal education. He added that this will also lead to the development of virtuous individuals with good morale and discipline, explaining that technical, agricultural, and livestock vocational high schools are being opened to produce these quality human resources for the agriculture and livestock sectors. He stated that the Union Report of the 2024 Population and Housing Census has already been released, noting that the publication of this report provides invaluable statistics and data for the nation, and he emphasized that Magway Region and Minbu District must effectively utilize their specific regional data as a foundation for regional development.

He stated that we have established the slogans: " Let us encourage production for prosperity of the Nation," " Let us ensure education sector for the development of the Nation," and " Let us protect our environment for the prosperity of the Nation. " He noted that it is necessary to preserve the existing environment within the Magway Region and to expand tree planting efforts, emphasizing that every village should plant more shade trees to protect against heat, especially since some townships in the Magway Region are found on the list of the world's hottest cities.

He stated that the best way to reduce heat and improve the climate is to plant trees, so it's necessary to expand forest and tree planting efforts in every single village. He noted that in doing so, you're encouraged to include species like plum and tamarind trees, which thrive locally and can provide an additional source of income for production. He emphasized that raw materials are essential for MSME operations, and if value-added products can be manufactured using these locally sourced raw materials, it'll bring great benefits to the region.

As regards education, it is necessary to develop the reading habit not only in oneself but also in one's children to acquire not only education but also necessary knowledge. Measures to improve the education of children must be taken. By taking measures for educational development, socio-economic lives in the region can achieve progress. As the investment in education amounts to building a future developed nation, the government places emphasis on it. Legal knowledge is being instilled into government employees and students to contribute to the rule of law in the country. Only when the rule of law can be maintained, can business operations in the country be smooth and everyone is required to make concerted efforts.

**Holding free and fair multi-party democracy general election successfully**

In connection with elections, their first phase is scheduled for 28 December and is held in three phases. It is important to enable all eligible voters to cast their votes and to prevent voting irregularities as in the 2020 elections. Efforts must be made for all voters included in electoral rolls not to lose their voting rights. Voting or no-voting is the will of voters and it is the responsibility of the government to take measures to enable voters to cast their votes. Voting in the elections amounts to supporting the steps on democratic path and no-voting means opposition to the process. Therefore, concerted efforts must be made to hold the elections in Minbu successfully. The government is taking measures for the development of the Minbu region as much as possible. Local residents and departmental staff in the region are urged to make concerted efforts for regional and national development tasks out of the spirit of love for the region and national interests.

After the meeting. the Senior General cordially greeted the attendees.

Then, the Senior General viewed products of MSMEs in Minbu district displayed there and gave necessary instructions on reports of responsible officials.

**District soccer grounds in Minbu**

Afterward, the Senior General and party inspected the upgrading tasks of the district soccer grounds and gave necessary instructions on continued construction of the stands to enable spectators to watch soccer matches conveniently, proper calculation of ground levels in construction of the drainage system, systematic construction of tracks and other needs.

**General hospital in Minbu**

Then, the Senior General and party arrived at the general hospital in Minbu and were greeted by the superintendent and healthcare staff of the hospital.

Afterward, the Senior General, his wife and party inspected operations of the dental and oral cavity section, laboratory and biolaboratory and healthcare services provided to the public there and gave necessary instructions on reports of the officials.

Then, the Senior General and his wife presented cash donations for the hospital to the superintendent and responsible officials.

**Upgrading tasks of Magway-Minbu road**

This morning, the Senior General and party arrived at the viewpoint in Minbu and heard reports on upgrading tasks of Magway-Minbu road submitted by responsible officials.

After hearing the reports, the Senior General gave instructions on proper demarcation of road areas, the needs to take action against squatters in accordance with the highways law, the needs to proper estimation of upgrading tasks to meet standards and other needs.

# SSPC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing gives instructions to officers, other ranks of Magway Station



Senior General Min Aung Hlaing meets officers, other ranks and families of Magway Station.

**Nay Pyi Taw December 20**

Chairman of the State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing met officers, other ranks and families of Magway Station under the Central Command at Thiha Thura Kyin San Hall of the local battalion headquarters in Magway this afternoon.

Also present at the meeting were Daw Kyu Kyu Hla, the wife of the Senior General; Commission Secretary General Ye Win Oo and his wife, Commander-in-Chief (Navy) Admiral Htein Win and his wife, Commander-in-Chief (Air) General Tun Aung and his wife, senior Tatmadaw officers from the Office of the Commander-in-Chief and their wives, the commander of Central Command, officers, other ranks and families of Magway Station.

**Political changes in the State and Tatmadaw's leadership role in the national politic sector**

At the meeting, the Senior General said that due to electoral irregularities in the 2020 multiparty democratic general election, the Tatmadaw had to assume national responsibilities in accordance with the 2008 Constitution. The Tatmadaw had worked to ensure that the country could continue firmly along the democratic path. A multiparty democratic general election will be held in the coming days, and once the election is completed, national responsibilities will be handed over to the party that wins. All Tatmadaw members must work together to ensure the successful holding of the election. When casting votes, people should choose candidates who can genuinely work for the benefit of the country and the region; who possess political, administrative, economic, security, and rule-of-law perspectives; who can cooperate sincerely with the Tatmadaw, which has steadfastly existed since independence; who can uphold theOur Three Main National Causes; and who have knowledge of legal matters. Votes should be cast for such individuals. It was also noted that the Tatmadaw is an institution that has faithfully served the nation and national interests from generation to generation. Moreover, the Senior General explained participation of the Tatmadaw in the national politic leadership role, conducting the anti-insurgent operations by the Tatmadaw against the internal conflicts and external invasions through "the training in fighting and fighting in training" amid the difficulties, experience of the Tatmadaw in the political systems exercised by the State in successive eras, and paving the way of the multiparty democratic system for the country aspired by the entire people.

The Senior General continued that the Tatmadaw has been the institution that led the establishment of the multiparty democratic system desired by the people and has continued to work impartially to strengthen Myanmar's democratic system. During both the first and second democratic government terms, the Tatmadaw cooperated with the democratic administrations on national development tasks. Amid the current political conflicts and armed terrorism, it was also the Tatmadaw that had to take the lead in working for national stability and peace. Therefore, during the upcoming election period, voters should choose candidates who can cooperate with the Tatmadaw, who can uphold the Our Three Main National Causes, and who possess political, economic, and defence perspectives. All members of the Tatmadaw must study books and literature in order to accurately understand the history that the nation has gone through.

The Senior General noted that the Tatmadaw is one of the strongest institutions carrying out national defence duties, and that since independence, the Tatmadaw has continued up to the present day to suppress internal insurgencies that have arisen. The Senior General emphasized that the Tatmadaw must remain constantly prepared for national defence, which requires the continuous implementation of daily training activities and the competent performance of each individual's assigned responsibilities It was also noted that the Tatmadaw is working to improve the welfare of Tatmadaw members. If military-owned and independently operated agricultural and livestock projects are carried out properly, they will provide significant support for the welfare of Tatmadaw members.

The Senior General urged all Tatmadaw members to diligently serve the assigned duties. The Senior General urged that if something is beneficial for themselves, the Tatmadaw and the State, they have to work these works successfully.

The Senior General presented foodstuffs for officers, other ranks and families of the station through the station commander while the wife of the Senior General gave financial assistance for the station maternal and child welfare association through the wife of the station commander.


After the meeting, the Senior General, his wife and party cordially greeted the attendee officers, other ranks and families.

At the local Tatmadaw hospital in the station, the Senior General warmly comforted officers, other ranks and People's Military Servants receiving medical treatment for their injuries sustained in serving defence and security duties of the State and cordially asked about their health conditions. The Senior General fulfilled the requirements submitted by those officers and other ranks.

The Senior General asked about needs of the hospital and attended to the needs.

The Senior General and party inspected the war veterans' housing in Magway by car.

After cordially asking about requirements of war veterans who are residing at the housing, the Senior General coordinated with officials for fulfilling the needs. 100



Senior General Min Aung Hlaing comforts and presents a gift to a patient.

# Mali establishes new rapid intervention unit to combat terrorism

**Bamako December 20**

Mali established a new rapid intervention unit within its armed forces on Friday to strengthen the fight against terrorism, the Ministry of Defense and Veterans Affairs said during a flag presentation ceremony held in the capital here.

The unit, known as the Rapid Intervention Battalion, is tasked with enhancing the operational capabilities of the Malian Armed Forces, improving their responsiveness to security threats, and contributing to the defense of territorial integrity as well as the protection of civilians and property. Its exact strength has not been disclosed.

Malian Minister of Defense and Veterans Affairs Sadio Camara said that the establishment of the Rapid Intervention Battalion reflects the need for a continuous adaptation of the armed forces in response to a changing security environment. Xinhua

# Acting President and SSPC Chairman Senior General Min Aung Hlaing pays homage at Shwehsandaw Pagoda in Pyay, Bago Region





Senior General Min Aung Hlaing offers water to the Buddha image.

**Nay Pyi Taw December 20**

Senior General Min Aung Hlaing, Acting President of the Republic of the Union of Myanmar and Chairman of the State Security and Peace Commission, along with accompanying entourage members, paid homage at the sacred Four Sacred Sites Shwehsandaw Pagoda in Pyay, Bago Region, this evening.

First, members of the pagoda board of trustees welcomed and greeted the Senior General, his wife, and the entourage members. Afterwards, they circumambulated the sacred pagoda clockwise, paid homage, and viewed the evening sunset scenery of Pyay.

Following that, the Senior General, his wife, and party paid homage to the sacred Buddha image within the pagoda, offering flowers and water.

Subsequently, inside the Shwehsandaw Pagoda museum, a responsible official presented an explanation on the operational status of the Pagoda Digital Directory Online Website. The Senior General provided guidance, emphasizing that historical records of pagodas posted online must be solidly based, photographs should be of modern, high quality, and addressing other necessary requirements. Afterwards, they viewed the displayed Buddha images consecrated throughout successive eras and historical records arranged within the museum.

The Senior General signed the pagoda's guest book and offered a cash donation for the all-around needs of the great pagoda. Members of the pagoda board of trustees respectfully accepted the donation and presented a commemorative certificate in return.

Similarly, this evening, the Senior General, his wife, and delegation members also visited Strand Road in Pyay. At the temporary Khittaya Night Market on Strand Road, they observed the local food and drink stalls and shops open for business, and cordially greeted the vendors and the public who had come to dine.

The Senior General then gave necessary instructions to responsible officials regarding matters such as conditions requiring action for the cleanliness, tidiness, and beauty along the road, and the need for systematic vehicle parking areas.

100



Senior General Min Aung Hlaing visits the Shwehsandaw Pagoda museum.



Senior General Min Aung Hlaing visits the temporary Khittaya Night Market on Strand Road.

# More than 15,000 acres of rainfed paddy harvested in Wetlet Township

**Wetlet December 20**

Local farmers are harvesting more than 15,000 acres of rainfed paddy in Wetlet Township of Sagaing Region, according to the township Agriculture Department.

During this year's monsoon cropping season in Wetlet Township, a total of 138,412 acres of rainfed paddy were cultivated. Harvesting of the monsoon paddy fields began in November this year, and as of today, 15,923 acres have been harvested, with an average yield of 84.55 baskets per acre.

"During this year's monsoon cropping season, Wetlet Township cultivated up to 138,412 acres of monsoon paddy. Harvesting of these paddy fields is currently under way, and more than 15,000 acres have been harvested to date. Necessary technologies and seed varieties were provided for monsoon paddy cultivation, and field activities were carried out to ensure that farmers could plant on time," said Daw Kyin San, Township Head of the Wetlet Township Department of Agriculture.

During this year's monsoon cropping season, the relevant Township Department of Agriculture and local farmers worked together to ensure systematic cultivation of monsoon paddy without difficulties.

In Wetlet Township, monsoon paddy farmers were provided with agricultural technical assistance, pest prevention awareness, measures to prevent crop losses, and information to ensure that harvested paddy was transported under shelter in a timely manner.

Rainfed paddy plantations in Wetlet Township are thriving this year. Staff of the Township Agriculture Department help local farmers select quality strains of corps, prevent pests, weed the plantations, remove different strains of crops, systematically use fertilizers in the cultivation season. 206



Paddy being harvested with the help of machinery.

# Illegal online scam and gambling equipment incinerated in KK Park and Shwe Kokko; more illegal foreign nationals arrested in Shwe Kokko and Myawady; illegal goods seized in Myawady



Seizure of illegal goods in Myawady Township.



Destroying equipment used for online gambling fraud in Shwe Kokko area.

**Nay Pyi Taw December 20**

The Government of Myanmar is conducting clearance operations in illegal buildings located in the Shwe Kokko and KK Park areas, where online scam and gambling activities are most heavily concentrated. These operations include systematic demolition of illegal structures and the destruction of seized items used in online scam and gambling operations. The actions are being carried out by joint task forces comprising security personnel, administrative bodies, and local authorities.

As part of these efforts, authorities have intensified widespread search, arrest, and legal action against individuals involved in online gambling, online fraud, and other criminal activities in the Shwe Kokko area. As of today, a total of 405 illegal foreign nationals attempting to flee in and around Shwe Kokko have been identified and arrested. Those detained include 3 Vietnamese, 23 Kenyans, 85 Ethiopians, 1 Namibian, 168 Indonesians, 15 Ugandans, 10 Nepalese, 43 Indians, 1 Zimbabwean, 13 Filipinos, 21 Pakistanis, 4 Bangladeshis, 3 Sierra Leoneans, 1 Siberian, 7 Nigerians, 1 Egyptian, 1 Sri Lankan, 2 Kazakhs, and 3 Uzbeks.

In addition, joint security teams in Myawady have been conducting surprise inspections based on intelligence reports, as well as blockades and searches at city entry and exit points and major junctions, to arrest illegal residents and individuals involved in online gambling. As a result, five additional illegal single-storey buildings were inspected today. Among them, 15 illegal Chinese male nationals were arrested at a closed, unoccupied guesthouse near Myaynigone Ward in Myawady. Furthermore, illegal goods stored in two warehouses were seized, including: 200 truck tires (TX-60), 3,000 green tarpaulin rolls, 20 large paper rolls, 20 large air filter boxes, 30 small air filter boxes, 16 battery-powered bicycles, 100 water pumps (1.5 HP), 25 backhoe wheels, 3,000 packs of assorted tissues, 1,000 packs of stationery, 250 cosmetic items, 1,800 packs of silicone sealant, 20 bicycles, and 15 baby strollers—a total of 14 types of illegal goods.

The seized illegal goods and related items will be handled in accordance with established procedures. Authorities will continue investigations to identify and take legal action against those involved in accordance with the law. Foreign nationals will be repatriated to their respective countries with due consideration for humanitarian principles and friendly relations between nations.

Additionally, to prevent the reuse of materials employed in online scam and gambling activities, authorities also carried out the systematic destruction by fire today of seized equipment in the KK Park and Shwe Kokko areas of Myawady Township.

The State will continue nationwide crackdowns to eradicate online scam and gambling activities. Individuals involved, as well as those orchestrating such crimes behind the scenes, will be identified, arrested, and dealt with effectively and decisively. To this end, Myanmar will actively continue coordination and cooperation with neighbouring countries, regional nations, and international organizations.

100

# Farmers plant more than 3,000 acres of vegetables in Shwebo Township

**Shwebo December 20**

Local farmers have planted more than 3,000 acres of vegetables in Shwebo Township of Sagaing Region, according to the statistics of the township Agriculture Department.

During the 2025–2026 winter cropping season, Shwebo Township has planned to cultivate 4,586 acres of vegetable crops. Planting began in October this year, and as of today, 3,280 acres have been successfully planted.

"During this year's winter cropping season, Shwebo Township has planned to cultivate more than 4,000 acres of vegetables. As of today, planting has been completed on more than 3,000 acres. The crops include mustard greens, chilli, culinary herbs, potatoes, cabbage, eggplant, and cauliflower. Farmers are being provided with technical guidance so that all vegetables can be cultivated in accordance with the GAP (Good Agricultural Practices) system. We are also providing techniques to ensure that vegetables are grown in a health-safe manner with minimal chemical residues," said U Hsan Oo, Township Head of the Shwebo Township Department of Agriculture.

This year, the Township Department of Agriculture is supporting vegetable farmers in Shwebo Township by providing technical training on GAP-based cultivation, guidance to ensure that vegetables produced are safe and suitable for consumption, and assistance to encourage farmers to expand vegetable cultivation.

In Shwebo Township, a wide variety of vegetables are cultivated seasonally each year. These crops have been developing successfully, contributing to household income generation. The Township Department of Agriculture is also providing awareness and guidance to prospective vegetable growers on proper cultivation methods, pest prevention, the use of natural fertilizers, and the preparation and application of natural pesticides and pest control solutions.

206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် မင်းဘူးခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။

☆ ကျောဖုံးမှအဆက်

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့်အလတ်စား(MSME) စီးပွားရေး လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို အသီးသီးတင်ပြ**

ဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူးက မင်းဘူး ခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အကြီး အကဲ၏ လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ မှု၊ အဓိကသီးနှံများကို ပန်းတိုင်အထွက်နှုန်း တိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ခရိုင် အတွင်း ဆန်နှင့် ဆီဖူလုံမှု၊ ဆီထွက်သီးနှံများ ကို အထူးဇုန်များအလိုက် စိုက်ပျိုးအကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိမှု၊ ဝါစိုက်ပျိုးမှု များ အောင်မြင်ဖြစ်ထွန်းလျက်ရှိမှု၊ စိုက်ပျိုး ရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများဆောင်ရွက်နိုင်မှု၊ ပညာရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက် ရှိမှု၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအခြေခံပညာ အထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြား ပေးလျက်ရှိမှု၊ နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများဖြင့် စိုက်ပျိုးရေများ လုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိမှု၊ လမ်းတံတားများ ဖွံ့ဖြိုးတိုးတက်ရေးဆောင် ရွက်လျက်ရှိမှု၊ မင်းဘူးခရိုင်အတွင်း မြို့နယ် အလိုက် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပ ပြုလုပ်နိုင်ရေးလိုအပ်သည့် ကြိုတင်ပြင်ဆင် ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မင်းဘူးခရိုင်အတွင်း ရေနံနှင့်သဘာဝ ဓာတ်ငွေ့များ၊ ကျောက်မီးသွေးများထုတ်လုပ် လျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် က မင်းဘူးခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဖြစ်ထွန်းအောင်မြင်လျက်ရှိမှုနှင့် တစ်ဧကပန်းတိုင်အထွက်နှုန်း တိုးတက် အောင်ဆောင်ရွက်လျက်ရှိမှု၊ မကွေးတိုင်းဒေသ ကြီးအတွင်း ဆန်ဖူလုံမှုရှိစေရေးကြိုးပမ်း ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေများ လုံလောက်စွာရရှိရေးအတွက် နေရောင်ခြည် စွမ်းအင်သုံးမြစ်ရေတင်လုပ်ငန်းများကိုဆောင် ရွက်ခဲ့မှုကြောင့် ယခင်ကထက် သီးနှံများပိုမို စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိမှု၊ စိုက်ပျိုး ရေးထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ် လာနိုင်ခြင်းကြောင့် တိုင်းဒေသကြီး၏ GDP များတိုးတက်လျက်ရှိမှု၊ ဝါနှင့် ဆီထွက်သီးနှံ အဓိကစိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသ ကြီးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိ မှုအခြေအနေများနှင့်ပတ်သက်၍ ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

**ဒေသမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များအပေါ်အခြေခံသည့် စက်မှုကုန်ထုတ် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသ၏လူမှုစီးပွားဘဝ များသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ် . . .**

**နိုင်ငံတော်အနေဖြင့်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်စေရေး အတွက် အားပေးဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့်သွင်းအားစုများကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိ . . .**

ယင်းနောက် မင်းဘူးမြို့ရှိ မြို့မိမြို့ဖများ က မင်းဘူးမြို့နယ် ကောင်းသာရွေးကျေးရွာ ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ စာသင်ဆောင်များလိုအပ်လျက်ရှိမှု၊ စိုက်ပျိုး ရေးလုပ်ငန်းများအတွက် လိုအပ်သည့်စိုက်ပျိုး ရေများလုံလောက်စွာရရှိရေး နေရောင်ခြည် စွမ်းအင်သုံးမြစ်ရေတင်လုပ်ငန်းများ ထပ်မံ တိုးချဲ့ဆောင်ရွက်ပေးစေလိုမှုနှင့်ဒေသဆိုင်ရာ လိုအပ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြကြသည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား မင်းဘူးမြို့ ခရိုင်ဘောလုံးအားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

**တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေးပြောကြား**

၎င်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ် ကြသည့်ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးမင်းနောင်၊ ဦးလှမိုးနှင့် ဦးခင်မောင်ရီတို့က နိုင်ငံတော်တစ်ဝန်းတည်ငြိမ်မှုနှင့် အေးချမ်း သာယာမှုရှိစေရေးအတွက် တရားဥပဒေစိုးမိုး ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ပါတီ စုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်ရေးနှင့်အောင်မြင်စွာကျင်းပ နိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အွန်လိုင်းလိမ်လည်မှု နှင့် အွန်လိုင်းလောင်းကစားတိုက်ဖျက်မှု လုပ်ငန်းများဆောင်ရွက်လျက်ရှိမှုနှင့် တရား မဝင် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာ နိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးလျက်ရှိ မှု၊ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ် လည်လောင်းကစားမှုများကို အမျိုးသားရေး တာဝန်အဖြစ်ခံယူ၍ အမြစ်ပြတ်ချေမှုန်း လျက်ရှိသဖြင့် ပြည်သူလူထုများကလည်း ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် လိုအပ်မှု၊ စိုက်ပျိုးရေလိုအပ်ချက်ပြည့်မီစေ ရေးအတွက် မြစ်ရေတင်လုပ်ငန်းများဖြင့် စီမံ ဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ ချိတ်ဆက်ဆောင်ရွက် သွားကြစေလိုမှု၊ တင်ပြချက်များတွင် ပါဝင် သည့် စိုက်ပျိုးရေလိုအပ်ချက်ရှိသည့် ကျေးရွာ များ၌ နေရောင်ခြည်စွမ်းအင်သုံးမြစ်ရေတင် လုပ်ငန်းများဆောင်ရွက်နိုင်ရေး၊မြေအောက် ရေထုတ်ယူရရှိနိုင်ရေးလိုအပ်သည့်သုတေသန ပြုတွက်ချက်မှုများကို ဆောင်ရွက်ပေးသွား မည့်အခြေအနေများ၊ မကွေးတိုင်းဒေသကြီး နှင့် မင်းဘူးခရိုင်တို့အတွင်း နှစ်အလိုက်သစ် တောဖုံးလွှမ်းမှုအခြေအနေများအပေါ် စိစစ် တွေ့ရှိချက်များ၊ နိုင်ငံတစ်ဝန်း သဘာဝ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဆောင် ရွက်လျက်ရှိမှုနှင့် ဒေသခံများအနေဖြင့်လည်း ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်မှုတို့နှင့်ပတ်သက်၍အသီးသီးဆွေးနွေး တင်ပြကြသည်။

**စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေး၍ ဒေသဖွံ့ဖြိုးတိုးတက်စေရေး အလေးထားဆောင်ရွက်**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာ ရေးကော်မရှင်ဥက္ကဋ္ဌက မင်းဘူးဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်လာရောက် ခဲ့ခြင်းဖြစ်ကြောင်း၊ မင်းဘူးဒေသတွင် ပဲနှင့် ဝါကို အဓိကထားစိုက်ပျိုးကြသည်ကို တွေ့ရှိ ရပြီး ဆန်ဖူလုံမှုရှိသည့်ဒေသလည်းဖြစ် ကြောင်း၊ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက် ရှိအောင် စိုက်ပျိုးဆောင်ရွက်နိုင်မည်ဆိုပါ က ယခုထက်ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ် ကြောင်း၊ မင်းဘူးခရိုင်တစ်ခုတည်းအနေဖြင့် စိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက် မပြည့်မီခြင်းကြောင့် ဝင်ငွေလျော့နည်းမှုမှာ

ဘီလီယံ ၅၀၀ ကျော်ခန့်ရှိကြောင်း၊ ထို့ကြောင့် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်ဆောင်ရွက်ခြင်းဖြင့် ဒေသ၏စီးပွားရေးကို များစွာပြောင်းလဲသွားစေနိုင်မည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ယခုဒေသတွင် စိုက်ပျိုးဖြစ်ထွန်းသည့် ဝါများစိုက်ပျိုးရာတွင် တစ်ဧကပန်းတိုင်ရည်မှန်းချက်ပြည့်မီရေးဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဝါစိုက်ပျိုးမှုကောင်းသိန်းခန့်ရှိပြီး ဝါအထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းချည်ချောထုတ်လုပ်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အချက်အလက်များကို တင်ပြဆောင်ရွက်ရာ၌ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်ရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၌ ခေတ်အဆက်ဆက်တွင် လယ်ယာထွက်ကုန်ပစ္စည်းများထွက်ရှိမှုမှာ ကိန်းဂဏန်းအချက်အလက်များအရ ကွာခြားချက်များရှိနေကြောင်း၊ ကိန်းဂဏန်းအချက်အလက်များ၊ စာရင်းဇယားများ မှန်ကန်စွာသိရှိနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုလေ့လာဆန်းစစ် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ပန်းတိုင်ရည်မှန်းချက်များပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် စာရင်းဇယားကောက်ယူသူများ အနေဖြင့်လည်း မှန်ကန်သည့်စာရင်းဇယားများ ရရှိနိုင်ရေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ အဓိကအားဖြင့် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အားလုံးအမှန်တကယ်အလုပ်လုပ်ကြရမည်ဖြစ်ပြီး အလုပ်လုပ်နိုင်ရေးအတွက်လည်း လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

တစ်ဧကပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိစေရေး မိမိတို့အနေဖြင့် မျိုး၊ မြေ၊ ရေ၊ နည်းလိုအပ်ချက်များနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် လက်တွေ့မြေပြင်၌ စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်နေကြသည့်သူများကို ကွင်းဆင်း၍ လိုအပ်ချက်များကိုသုတေသနပြုမေးမြန်းခဲ့ကြောင်း၊ ထိုသို့မေးမြန်းရာတွင် စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ အခြေခံကျသောအချက်၊ ဖြည့်ဆည်းပေးရမည့်အချက်များကို ရိုးရှင်းစွာမေးမြန်းခဲ့ကြောင်း၊ မေးမြန်းချက်များအရ မင်းဘူးဒေသတွင် သီးနှံ ကိုးမျိုးစိုက်ပျိုးသည်ကိုတွေ့ရှိရကြောင်း၊ အားနည်းချက်များတွင် လူများ၏ အားနည်းချက်၊ ငွေကြေးအားနည်းချက်ဟူ၍ ရှိကြောင်း၊ မြေပြုပြင်ခြင်းတွင် လိုအပ်သည့်ထွန်ယက်မှုများလုံလောက်စွာပြုလုပ်ခြင်း၊ ဓာတ်မြေဩဇာများ လိုအပ်မှုရှိပါက သဘာဝမြေဩဇာများ ထည့်သွင်းခြင်းများကို ဆောင်ရွက်နိုင်ကြောင်း၊ မြေဩဇာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတော်က စိုက်ပျိုးရေးချေးငွေများကို ထုတ်ချေးပေးထားကြောင်း၊ ကောက်ကွက်များ ပြည့်မီအောင်စိုက်ပျိုးရန်အတွက် လိုအပ်သည့်လူများမရရှိနိုင်ပါက Feed Seeder များဖြင့် စနစ်တကျအစေ့ချစိုက်ပျိုးခြင်းဖြင့် တစ်ဧကပန်းတိုင်အထွက်နှုန်း ပြည့်မီရေးအတွက်များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် မိရိုးဖလာဆောင်ရွက်နေခြင်းအစား ခေတ်မီနည်းစနစ်များကိုလည်း လေ့လာကျင့်သုံး၍ အထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

စိုက်ပျိုးရေးလိုအပ်ချက်နှင့် ပတ်သက်၍ မကွေးတိုင်းဒေသကြီးအတွင်း နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မင်းဘူးဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ပြောင်းလဲစေရေး မိမိအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ **ဒေသမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များအပေါ် အခြေခံသည့်စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသ၏လူမှုစီးပွားဘဝများသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် အားပေးဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့်သွင်းအားစုများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ**ကြောင်း၊အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေလုံလောက်စွာရရှိစေရေးနည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရရှိရေးအတွက်လည်း နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်း ဒေသ၏စားရေးလိုအပ်ချက်ကို ပြည့်မီအောင်မွေးမြူထုတ်လုပ်သွားရန်လိုကြောင်း၊ ဒေသအတွင်းမွေးမြူဖြစ်ထွန်းသည့် ဆိတ်မွေးမြူရေးလုပ်ငန်းအပြင် အခြေခံစားကုန်များဖြစ်သည့် ကြက်၊ ဝက်၊ နွားတို့ကိုလည်း အောင်မြင်အောင်မွေးမြူဆောင်ရွက်ကြရန် လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် အစာလိုအပ်ချက်အတွက်လည်း ဒေသကထွက်ရှိသည့် စိုက်ပျိုးရေးထုတ်ကုန်များကို အခြေခံ၍ လုပ်ဆောင်ရနိုင်မည်ဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မင်းဘူးမြို့အထွေထွေရောဂါကုဆေးရုံကြီး သွားနှင့်ခံတွင်းကုသမှုဌာန ဓာတ်ခွဲခန်းနှင့် ဓီဝဓာတ်ခွဲခန်းတို့အတွင်း ပြည်သူများကို ဆေးကုသမှုများဆောင်ရွက်ပေးနေမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

## လူသားအရင်းအမြစ်ကောင်းများရရှိရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အသိပညာ၊ အတတ်ပညာဖြင့်ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ လိုအပ်မည်ဖြစ်ကြောင်း၊ **"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"** ဟူသည့်အတိုင်း အတန်းပညာရှိမှသာအတတ်ပညာရှိမည်ဖြစ်ကြောင်း၊ ထို့အတူ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး လူရည်မွန်များလည်း ဖြစ်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လူသားအရင်းအမြစ်ကောင်းများမွေးထုတ်ပေးနိုင်ရေး စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအခြေခံပညာအထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းပြည်ထောင်စုအစီရင်ခံစာကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ သန်းခေါင်စာရင်းပြည်ထောင်စု အစီရင်ခံစာထုတ်ပြန်မှုသည် နိုင်ငံတော်အတွက် အဖိုးတန်သည့်စာရင်းအင်း၊ကိန်းဂဏန်းအချက်အလက်များပင်ဖြစ်ပြီး မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်တို့အနေဖြင့်လည်း မိမိတို့ဒေသ၏ကိန်းဂဏန်းအချက်အလက်များကိုအခြေခံ၍ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိရှိအသုံးချသွားကြရန်လိုကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မင်းဘူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးအတွက် အလှူငွေများကို ပေးအပ်ရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

မိမိတို့အနေဖြင့် **"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"၊ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"၊ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"** ဆိုသည့် ဆောင်ပုဒ်များကိုချမှတ်ထားကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း ရှိပြီးသားသဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရန်နှင့် သစ်ပင်များတိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း၊အပူဒဏ်ကိုကာကွယ်နိုင်ရေးအတွက် ရွာတိုင်းရွာတိုင်း အရိပ်ရပင်များကို တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ အချို့မြို့နယ်များသည် ကမ္ဘာ့အပူဆုံးမြို့များစာရင်းအတွင်း၌ပါဝင်သည်ကိုတွေ့ရကြောင်း၊ အပူချိန်လျှော့ချရေးနှင့် ရာသီဥတုကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရန်မှာ သစ်ပင်စိုက်ပျိုးခြင်းပင်ဖြစ်ပြီး ကျေးရွာတစ်ရွာချင်းစီအလိုက် သစ်တောသစ်ပင်များကို တိုးချဲ့စိုက်ပျိုးသွားကြရန်လိုကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် ဒေသတွင်းဖြစ်ထွန်းအောင်မြင်ပြီး ကုန်ထုတ်လုပ်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေနိုင်သည့် ဆီးသီးပင်၊ မန်ကျည်းပင်အပါအဝင် အခြားအပင်များကို ထည့်သွင်းစိုက်ပျိုးသွားရန်လိုကြောင်း၊ MSME လုပ်ငန်းများဆောင်ရွက်ရန်အတွက် ကုန်ကြမ်းပစ္စည်းများသည် အဓိကကျကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများဖြင့် တန်ဖိုးမြင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဆိုပါက ဒေသအတွက်များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း။

ပညာရေးနှင့်ပတ်သက်၍ ပညာရည်သင်ကြားခြင်းကိုသာမက သိသင့်သိထိုက်သည့် အသိပညာဗဟုသုတများရရှိစေရေးအတွက် မိမိတို့ကိုယ်တိုင်နှင့် မိမိတို့သားသမီးများကို စာဖတ်သည့်အလေ့အကျင့်များ မွေးမြူပေးရန်လိုကြောင်း၊ မိမိတို့သားသမီးများ၏ဘဝတိုးတက်ရေးအတွက် ပညာရည်မြှင့်တင်ခြင်းများကို ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ပညာရည်မြှင့်တင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ခြင်းအားဖြင့် ဒေသတွင်းလူမှုစီးပွားဘဝများသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုသည် ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ခြင်းပင်ဖြစ်သဖြင့် နိုင်ငံတော်က အလေးပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးအတွက် အထောက်အကူပြုနိုင်ရန်အတွက်လည်း နိုင်ငံ့ဝန်ထမ်းများ၊ကျောင်းသား၊ကျောင်းသူများကို ဥပဒေနှင့်ပတ်သက်သည့် အသိပညာများသင်ကြားပေးလျက်ရှိကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမှသာလျှင် နိုင်ငံအတွင်းသွားလာလုပ်ကိုင်မှုများ အဆင်ပြေချောမွေ့လာမည်ဖြစ်သဖြင့် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

## လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ယခု ဒီဇင်ဘာ ၂၈ ရက်တွင် ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အပိုင်းသုံးပိုင်းခွဲ၍ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်ရန်အရေးကြီးသကဲ့သို့ ၂၀၂၀ ပြည့်နှစ်တွင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲကဲ့သို့ မဲမသမာမှုများမဖြစ်ပေါ်စေရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မဲစာရင်းတွင်ပါဝင်သူများ မဲပေးခွင့်မဆုံးရှုံးစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ **ဆန္ဒမဲပေးခြင်းမပေးခြင်းသည် မဲဆန္ဒရှင်များ၏ဆန္ဒဖြစ်ပြီး မဲပေးနိုင်အောင် ဆောင်ရွက်ပေးရမည်မှာ အစိုးရ၏တာဝန်ပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခြင်းသည် ဒီမိုကရေစီစနစ်အပေါ် လျှောက်လှမ်းခြင်းကိုထောက်ခံခြင်းဖြစ်ပြီး မဲမပေးခြင်းသည် ဒီမိုကရေစီစနစ်အပေါ် လျှောက်လှမ်းမှုကို မထောက်ခံခြင်းပင်ဖြစ်**ကြောင်း၊ ထို့ကြောင့် မင်းဘူးဒေသအတွင်း ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မင်းဘူးဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်နိုင်သည့်ဘက်က ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသတွင်နေထိုင်ကြသူများ၊ တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ဒေသကို ချစ်သည့်စိတ်၊ နိုင်ငံကောင်းရာကောင်းကျိုးကို လိုလားသည့်စိတ်များဖြင့် ဒေသနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

စာမျက်နှာ ၁၈ သို့



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မကွေး-မင်းဘူး လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

## ဆန္ဒမဲပေးခြင်း မပေးခြင်းသည် မဲဆန္ဒရှင်များ၏ဆန္ဒဖြစ်ပြီး မဲပေးနိုင်အောင် ဆောင်ရွက်ပေးရမည်မှာ အစိုးရ၏တာဝန်ပင်ဖြစ်၊ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခြင်းသည် ဒီမိုကရေစီစနစ်အပေါ်လျှောက်လှမ်းခြင်းကို ထောက်ခံခြင်းဖြစ်ပြီး မဲမပေးခြင်းသည် ဒီမိုကရေစီစနစ်အပေါ်လျှောက်လှမ်းမှုကို မထောက်ခံခြင်းပင်ဖြစ် . . .

စာမျက်နှာ ၁၇ မှအဆက်

ယင်းနောက် အခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အခမ်းအနား တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် မင်းဘူးခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကိုလှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

### မင်းဘူးမြို့ခရိုင်ဘောလုံးအားကစားကွင်း

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မင်းဘူးမြို့ ခရိုင်ဘောလုံးအားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် အားကစားပွဲများ ကျင်းပပြုလုပ်ချိန်တွင် အားကစားဝါသနာရှင်ပြည်သူများ အဆင်ပြေစွာကြည့်ရှုနိုင်ရန်အတွက် ပွဲကြည့်စင်တည်ဆောက်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်၊ ရေနုတ်မြောင်းဆောက်လုပ်ရာတွင်လည်း ရေများစနစ်တကျစွန့်ထုတ်နိုင်ရန်အတွက် မြေအနိမ့်အမြင့်ကိုတွက်ချက်ဆောင်ရွက်သွားရန်၊ ပြေးလမ်းအားစနစ်တကျတည်ဆောက်သွားရန်နှင့် အခြား လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

### မင်းဘူးမြို့အထွေထွေရောဂါကုဆေးရုံကြီး

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မင်းဘူးမြို့အထွေထွေရောဂါကုဆေးရုံကြီးသို့ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် သွားနှင့်ခံတွင်းကုသမှုဌာန၊ ခွဲစိတ်ခွဲခန်းနှင့်ဇီဝခွဲစိတ်ခွဲခန်းတို့အတွင်း လှည့်လည်၍ ပြည်သူများကိုဆေးကုသမှုများဆောင်ရွက်ပေးနေမှုနှင့်ကျန်းမာရေးဝန်ဆောင်မှုပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့က မင်းဘူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးအတွက် အလှူငွေများကိုပေးအပ်ရာ ဆေးရုံအုပ်ကြီးနှင့်တာဝန်ရှိသူများက လက်ခံရယူသည်။

### မကွေး-မင်းဘူးလမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင်လည်း မင်းဘူးမြို့ ရှုခင်းသာနေရာသို့ရောက်ရှိကြရာ မကွေး-မင်းဘူး လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက လမ်းနယ်များနှင့်ပတ်သက်၍ သတ်မှတ်ထားသည့်အတိုင်းစနစ်တကျဖြစ်ရန်လိုပြီး အချို့လမ်းနယ်များ၌ကျူးကျော်မြေအသုံးချမှုများရှိနေသည့်အတွက် လမ်းမကြီးများဥပဒေနှင့်အညီဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ လမ်းများအဆင့်မြှင့်တင်ခြင်းများပြုလုပ်ရာတွင်လည်း လမ်းကြောင်းတစ်လျှောက် စနစ်တကျဖြစ်စေရေးနှင့် သတ်မှတ်ချက်များ ပြည့်မီစေရေးစနစ်တကျ တွက်ချက်ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (ဖဝ၁)

## ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၂၀

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်အနက် တတိယအချက်ဖြစ်သော နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ဆောင်ရွက်ရေးဟူသော ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားကစားကဏ္ဍကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရန်မှာ နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်ပေသည်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အနေဖြင့်လည်း တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် လူထုအားကစားကို မြှင့်တင်ဆောင်ရွက်ခြင်း၊ အားကစားနည်းအလိုက် မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ပေါ်ထွက်ရေးနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေး၊ နိုင်ငံတော်၏ အနာဂတ်တာဝန်များအား ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် လူငယ်လူရွယ်များ၏ ကျန်းမာကြံ့ခိုင်မှု၊ အသိပညာ ဗဟုသုတပြည့်စုံကြွယ်ဝမှု၊ ဉာဏ်ပညာထက်မြက်မှု၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိမှုများနှင့် ဗလငါးတန်ပြည့်စုံစေရေးအပါအဝင် လူငယ်လူရွယ်များကို ဘက်စုံထောင့်စုံမှ အရည်အချင်းမြှင့်တင်ပေးနိုင်ရေးလုပ်ငန်းတာဝန်များအား ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် ပြည်သူအများပါဝင်သော လူထုစုပေါင်းလမ်းလျှောက်ပွဲများနှင့် စုပေါင်းအားကစား လှုပ်ရှားမှုများကိုလည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှစ်စဉ်ဒီဇင်ဘာလတိုင်း ကျင်းပလျက်ရှိပါသည်။ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်စေရန် ရည်ရွယ်၍ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံ)ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ)များအတွက် ပြိုင်ပွဲဝင်ရာတွင် ပြိုင်ပွဲဝင်များအနေဖြင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ကဏ္ဍတစ်ရပ်စီအတွက် ထပ်မံတိုးမြှင့်၊ ပြုပြင်ဆောင်ရွက်သင့်သည့် အကြံပြုချက်များကို ပြည့်စုံစွာ ဖော်ပြရေးသားယှဉ်ပြိုင်ကြရမည်ဖြစ်ပါသည်-

(က) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် လူထုအားကစားလှုပ်ရှားမှုတွင် ပြည်သူလူထုပိုမိုပူးပေါင်းပါဝင်လာစေရေးအတွက် ထပ်မံတိုးမြှင့်၊ ပြုပြင်ဆောင်ရွက်သင့်သည့် အချက်များ၊

( ခ ) လတ်တလောမြန်မာအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်သည့် ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ပတ်သက်၍ အားသာချက်၊ အားနည်းချက်၊ သုံးသပ်ချက်များ၊

( ဂ ) နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးအတွက် ထပ်မံတိုးမြှင့်၊ ပြုပြင်ဆောင်ရွက်သင့်သည့်အချက်များ၊

(ဃ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုမည့် ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်နိုင်ရန် ဆောင်ရွက်သင့်သည့် အချက်များ။

ဆောင်းပါးပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size 13 အရွယ်အစားဖြင့် A4 စာမျက်နှာ ကိုးမျက်နှာထက်မနည်း၊ ၁၀ မျက်နှာထက်မများ၊ ဝတ္ထုတိုပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size 13 အရွယ်အစားဖြင့် A4 စာမျက်နှာ ၁၁ မျက်နှာထက်မနည်း၊ ၁၂ မျက်နှာထက်မများ၊ ကဗျာပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size 13 အရွယ်အစားဖြင့် A4 စာမျက်နှာ ငါးမျက်နှာထက်မနည်း၊ ခြောက်မျက်နှာထက်မများ အထက်အပိုဒ်ခွဲ(က၊ခ၊ ဂ၊ဃ) ပါ အကြောင်းအရာများအပေါ်အခြေခံ၍ မိမိကြိုက်နှစ်သက်ရာခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ၁၀" x ၁၄" အရွယ်ဖြင့် အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားစုပေါင်းလှုပ်ရှားမှု ပေါ်လွင်စေရမည့်အပြင် ဓာတ်ပုံခေါင်းစဉ်ဖော်ပြရမည်။ ယခင်နှစ်များက ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုနှင့် အထူးဆုရရှိပြီးသော ဓာတ်ပုံများအား ပေးပို့ယှဉ်ပြိုင်ခြင်းကို ခွင့်မပြုကြောင်းနှင့် စိစစ်တွေ့ရှိရပါက ၎င်းပြိုင်ပွဲဝင် ယှဉ်ပြိုင်ထားသည့် အခြားပြိုင်ပွဲဝင်ဓာတ်ပုံများကိုလည်း ပယ်ဖျက်သွားမည်ဖြစ်ပါသည်။

ဓာတ်ပုံပြိုင်ပွဲဝင်သူများအနေဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုများနှင့် ၂၀၂၆ ခုနှစ် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံများကို ထည့်သွင်းယှဉ်ပြိုင်နိုင်ပါသည်။

ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်စာမူနှင့် ဓာတ်ပုံများကို အရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။

အထက်ဖော်ပြပါ ပြိုင်ပွဲဝင် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစာမူများနှင့် ဓာတ်ပုံများကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး လူထုအားကစားနှင့်ပညာပေးဌာနခွဲ အားကစားနှင့်ကာယပညာဦးစီးဌာန နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Cluster 5-1)သို့လိပ်မူ၍ Soft Copy တစ်ချပ်၊ Hard Copy တစ်စုံနှင့်အတူ ပေးပို့ရန်ဖြစ်ပြီး ၎င်းတို့နှင့်အတူ ပြိုင်ပွဲဝင်သူ၏ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ပေါ်လွင်ထင်ရှားသော နိုင်ငံသားစိစစ်ရေးကတ် မိတ္တူမှန်တစ်စောင်၊ ကိုယ်တိုင်ရေးသား၊ ရိုက်ကူးထားကြောင်း ဝန်ခံချက်တို့ကိုလည်း တစ်ပါတည်း ပူးတွဲပေးပို့ကြရန်ဖြစ်ပါသည်။

ပြိုင်ပွဲတွင် လက်ခံရရှိသော စာမူများနှင့် ဓာတ်ပုံများအနက် ဆုရရှိသည့် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့်ဓာတ်ပုံပြိုင်ပွဲများအတွက် ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ရှစ်သိန်း၊ တတိယဆု ငွေကျပ် ခြောက်သိန်းနှင့် နှစ်သိမ့်ဆုငွေကျပ် ငါးသိန်း အသီးသီးချီးမြှင့်သွားမည်ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့် ဆုရစာမူများကို နေ့စဉ်ထုတ်သတင်းစာများ၊ ဌာနမှထုတ်ဝေသည့် လစဉ်ထုတ်သတင်းလွှာနှင့် အားကစားဂျာနယ်များတွင် ဂုဏ်ပြုဖော်ပြသွားမည်ဖြစ်ရာ စာမူပေးပို့ရန် သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသောစာမူများ၊ ဓာတ်ပုံများ၊ သတ်မှတ်ထားသည့် စာရွက်စာတမ်း၊ အထောက်အထားမပြည့်စုံသော စာမူများနှင့် ဓာတ်ပုံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၉-၄၂၀၇၀၄၆၂၄၊၀၉-၈၇၉၆၉၈၀၂၂၊ ၀၉-၂၅၆၄၈၉၉၂၃ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။



ပြည်မြို့ ကျက်သရေဆောင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော် ဗုဒ္ဓပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက်၌ သွန်းလောင်းပူဇော်ခဲ့ကြသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များကို လှည့်လည်ကြည့်ရှုစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော် ဗုဒ္ဓပြတိုက်အတွင်း ခင်းကျင်းပြသထားသည့်သမိုင်းအထောက်အထားများကို လှည့်လည်ကြည့်ရှုစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။

ရှေ့ဖုံးမှအဆက်

ယင်းနောက် ရွှေဆံတော်စေတီတော် ဗုဒ္ဓပြတိုက်အတွင်း၌ Pagoda Digital Directory Online Website ဆောင်ရွက်ထားရှိမှုအခြေအနေများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြရာ အွန်လိုင်းတွင် ဖော်ပြရာ၌ ဘုရားများ၏ သမိုင်းအထောက်အထားများ ခိုင်ခိုင်မာမာဖြစ်ရန်လိုကြောင်း၊ ဓာတ်ပုံများကိုလည်း ခေတ်နှင့်လျော်ညီသည့် ဓာတ်ပုံအရည်အသွေးများဖြစ်ရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက်၌ သွန်းလောင်းပူဇော်ခဲ့ကြသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များနှင့် သမိုင်းအထောက်အထားများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ပြည်မြို့ ကျက်သရေဆောင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ပြီး စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

အလားတူ ယနေ့ညနေပိုင်းတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ပြည်မြို့ ကမ်းနားလမ်းသို့ရောက်ရှိပြီး ကမ်းနားလမ်းရှိ ခေတ္တရာညဈေးတန်း၌ ဒေသရိုးရာအစားအသောက်များ၊ ဈေးဆိုင်ခန်းများဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုပြီး ဈေးရောင်းချနေသူများနှင့် လာရောက်စားသုံးကြသည့် ပြည်သူလူထုများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်သွားရန်လိုအပ်သည့်အခြေအနေများ၊ ယာဉ်ရပ်နားရန်နေရာများ စနစ်တကျဖြစ်ရန်လိုသည့်အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(ဒ၀၁)



ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်
ယာယီသမ္မတ
နိုင်ငံတော်လုံခြုံရေးနှင့်
အေးချမ်းသာယာရေးကော်မရှင်
ဥက္ကဋ္ဌ
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ပြည်မြို့ ကမ်းနားလမ်းရှိ
ခေတ္တရာညဈေးတန်း၌
ဒေသရိုးရာအစားအသောက်များ၊
ဈေးဆိုင်ခန်းများ
ဖွင့်လှစ်ရောင်းချနေမှုများကို
လိုက်လံကြည့်ရှုစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၀**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မကွေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို မကွေးမြို့ရှိ နယ်မြေခံတပ်ဌာနချုပ် သီဟသူရကျင်စံခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

## နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှုနှင့် တပ်မတော်၏အမျိုးသား နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် ပါဝင်နေမှု

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာ၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများကို ဆောင်ရွက်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး ထိန်းသိမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ **မကြာမီရက်ပိုင်းအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ရွေးကောက်ပွဲပြီးစီးချိန်တွင် အနိုင်ရသည့်ပါတီကို နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တပ်မတော်သားများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊** ဆန္ဒမဲများပေးရာတွင်လည်း တိုင်းပြည်နှင့် ဒေသကောင်းကျိုးကို အမှန်တကယ် ဆောင်ရွက်နိုင်သူ၊ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး အမြင်ရှိသူ၊ လွတ်လပ်ရေးရရှိပြီးကတည်းက ယနေ့ထက်တိုင် ခိုင်မာစွာတည်ရှိနေသည့် တပ်မတော်နှင့် စိတ်တူကိုယ်တူ လက်တွဲဆောင်ရွက်နိုင်သည့်သူ၊ ဒို့တာဝန် အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သည့်သူ၊ ဥပဒေနှင့်ပတ်သက်၍ အသိပညာရှိသူများကို ရွေးချယ်၍ဆန္ဒမဲများ ပေးနိုင်ရန်လိုကြောင်း၊ တပ်မတော်သည် နိုင်ငံတော်နှင့် အမျိုးသားရေးကို သစ္စာရှိစွာဖြင့် ခေတ်အဆက်ဆက် ဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်းဖြင့် ဦးစွာပြောကြားပြီး တပ်မတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် ပါဝင်နေရမှုအခြေအနေများ၊ တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက် ကြုံတွေ့ခဲ့ရသည့် ပြည်တွင်းပဋိပက္ခများနှင့် ပြည်ပမှကျူးကျော်မှုများကို **"တိုက်ရင်းလေ့ကျင့်၊ လေ့ကျင့်ရင်းတိုက်"** ဟူသည့်အတိုင်း အခက်အခဲများကြားမှ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး တပ်မတော်က အုတ်မြစ်ချဆောင်ရွက်ပေးခဲ့မှုအခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြောကြားရာတွင် တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို စနစ်တကျဖြစ်ပေါ်လာအောင် ဦးဆောင်၍ ဖော်ဆောင်ပေးခဲ့သည့် အဖွဲ့အစည်းဖြစ်သကဲ့သို့ မြန်မာ့ဒီမိုကရေစီစနစ်ခိုင်မာအောင် တည့်မတ်ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်း တစ်ခုပင်ဖြစ်ကြောင်း၊ ပထမဒီမိုကရေစီ အစိုးရသက်တမ်းနှင့် ဒုတိယဒီမိုကရေစီ အစိုးရသက်တမ်းတွင်လည်း တပ်မတော်သည် ဒီမိုကရေစီအစိုးရအဖွဲ့များနှင့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် နိုင်ငံရေးပဋိပက္ခများနှင့် သောင်းကျန်းသူ ချေမှုန်းမှုစစ်ဆင်ရေးများကို ဆင်နွှဲခဲ့ရမှုအခြေအနေများ၊ နိုင်ငံတော်က ခေတ်အဆက်ဆက်ကျင့်သုံးဆောင်ရွက်ခဲ့သည့် နိုင်ငံရေးစနစ်များနှင့် ကြုံတွေ့ခဲ့ရမှုများ၊ ပြည်သူတစ်ရပ်လုံး၏ လက်နက်ကိုင် အကြမ်းဖက်မှုများအကြားမှ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက်ကိုလည်း တပ်မတော်ကသာ ဦးဆောင်၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ ပြည်သူ့စစ်မှုထမ်းများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားစဉ်။

**စာမျက်နှာ ၂၁ သို့**

**မကြာမီရက်ပိုင်းအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ရွေးကောက်ပွဲပြီးစီးချိန်တွင် အနိုင်ရသည့်ပါတီကို နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ်၍ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တပ်မတော်သားများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လို . . .**

**ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် တပ်မတော်နှင့် လက်တွဲဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သူ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးအမြင်ရှိသူများကိုရွေးချယ်၍ ဆန္ဒမဲပေးကြရန်လို . . .**

**စာမျက်နှာ ၂၀ မှအဆက်**

ထို့ကြောင့် **ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် တပ်မတော်နှင့် လက်တွဲဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သူ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးအမြင်ရှိသူများကိုရွေးချယ်၍ ဆန္ဒမဲပေးကြရန်လို**ကြောင်း၊ တပ်မတော်သားများ အားလုံးအနေဖြင့် မိမိတို့နိုင်ငံ၏ ဖြတ်သန်းခဲ့ရသည့်သမိုင်းကြောင်းများကို မှန်မှန်ကန်ကန်သိရှိရန်အတွက် စာအုပ်စာပေများကို ဖတ်ရှုလေ့လာနေရန်လိုကြောင်း။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေသည့် အခိုင်အမာဆုံး အဖွဲ့အစည်းတစ်ခုပင်ဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိပြီးချိန်မှ စတင်၍ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်းသောင်းကျန်းမှုများကို ယနေ့အချိန်ထိ တပ်မတော်အနေဖြင့် ရှင်းလင်းဆောင်ရွက်နေရကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် အမြဲအသင့်ဖြစ်နေစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့အသင့်ဖြစ်နေရန်အတွက် မိမိတို့နေ့စဉ်ဆောင်ရွက်ရမည့် လေ့ကျင့်ရေးလုပ်ငန်းများကို အမြဲမပြတ်ဆောင်ရွက်နေရန်နှင့် မိမိတို့ ကိုယ်စီထမ်းဆောင်နေရသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားများ၏ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို မှန်မှန်ကန်ကန်ဆောင်ရွက်သွားမည်ဆိုပါက သက်သာချောင်ချိရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

တပ်မတော်သားများအားလုံးအနေဖြင့် မိမိတို့ကို ပေးအပ်ထားသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရန်နှင့် မိမိကိုယ်တိုင်၊ တပ်မတော်နှင့် နိုင်ငံတော်အတွက် အကျိုးရှိမည်ဆိုပါက လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ တပ်နယ်မှူးကလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်စီဥက္ကဋ္ဌ



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးမြို့ စစ်မှုထမ်းဟောင်းအိမ်ရာတွင် နေထိုင်လျက်ရှိကြသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးကလည်းကောင်း အသီးသီးလက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၊ ပြည်သူ့စစ်မှုထမ်းများကို ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များကို မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့ စစ်မှုထမ်းဟောင်းအိမ်ရာသို့ ရောက်ရှိကြပြီး အိမ်ရာအတွင်းမော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အိမ်ရာတွင်နေထိုင်လျက်ရှိကြသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်ချက်များမေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ တတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲ မန္တလေးမြို့ ရတနာပုံဥယျာဉ်တွင် လူဦးရေ ၅၀၀၀ ကျော် ပါဝင်ဆင်နွှဲ

မန္တလေး ဒီဇင်ဘာ ၂၀

မန္တလေးမြို့တွင် ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲ တတိယပတ်ကို ယနေ့နံနက် ၆ နာရီက အောင်မြေသာစံမြို့နယ်ရှိ မန္တလေးနန်းမြို့ရိုးနှင့် ကျုံးရေပြင်ကြား ရတနာပုံဥယျာဉ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများတက်ရောက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လူထုစုပေါင်းလမ်းလျှောက်ပွဲကို ရတနာပုံဥယျာဉ်နှင့် ကျုံးရေပြင်ကြား ၁၉ လမ်း ဦးထိပ်တံတားထိပ်အနီးရှိ တာလွှတ်နေရာမှ သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးရာ ပြည်သူလူထု စုစုပေါင်း ဦးရေ ၅၀၀၀ ကျော်က လျှောက်ခြင်းကို ပျော်ရွှင်ပါဝင်ဆင်နွှဲခဲ့ကြပြီး စုပေါင်းကိုယ်လက်ကြံ့ခိုင်မှုကာယလေ့ကျင့်ခန်း အတွဲ(၁/၂)၊ Physical Fitness Dance များဖြင့် တပျော်တပါး လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်။

တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်နိုင်ရန်၊ တစ်မျိုးသားလုံး၏ ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ အားကစားကို လူအများစိတ်ပါဝင်စားပြီး နိုင်ငံတော်သစ်တည်ဆောက်ရေး လုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်စေရန်၊ နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် လူတစ်စုအားကစားမှ လူထုအားကစားသို့ဟူသော ရည်မှန်းချက်ကို အထောက်အကူပြုစေရန် ရည်ရွယ်ချက်များဖြင့် နိုင်ငံတစ်ဝန်း၌ ဒီဇင်ဘာအားကစားလ လူထုစုပေါင်း လမ်းလျှောက်ပွဲကို ကျင်းပကြရာ တပျော်တပါး ပျော်ရွှင်စွာဆင်နွှဲလျက်ရှိကြောင်း သတင်းရရှိသည်။



မျိုးကျော်

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဆွာချောင်းတံတား ရေတိုက်စားကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု ဆင်သေချောင်း ရေကြီးရေလျှံမှု လျှော့ပါးရေးလုပ်ငန်း၊ ဥယျာဉ်တံတား အဝင်ရေလမ်းပိုင်းနှင့် သိုက်ချောင်းတံတား ရေလမ်းပိုင်း သောင်တူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရန်ကုန်-မန္တလေး(အမြန်လမ်း) ဆွာချောင်းတံတား ရေတိုက်စားကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ နေပြည်တော်ကောင်စီနယ်မြေ ဆင်သေချောင်းရေကြီးရေလျှံမှုလျှော့ပါးရေးလုပ်ငန်း၊ ဥယျာဉ်တံတားအဝင်ရေလမ်းပိုင်းနှင့် သိုက်ချောင်းတံတားရေလမ်းပိုင်း သောင်တူးဖော်ခြင်း၊ အထောက်အကူပြု ရေလွှဲရေကာများတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဆွာချောင်းတံတား စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးချိန်တွင် Steel Basket ရေကာများနှင့် တံတားရေလယ်တိုင်များ အနေအထားအရ ရေလမ်းကြောင်း ကောင်းမွန်စေရန်နှင့် ရေရှည်တွင် ချောင်းစီးဆင်းမှုမှန်ကန်စေရေး တိုင်းတာစစ်ဆေးမှုများ ပူးပေါင်းဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆွာချောင်းတံတားသည် ၂၀၂၅ ခုနှစ် ဇွန်လအတွင်း တောင်တရက်ပင်လယ်ပြင်မှ ဝင်ရောက်ခဲ့သော မုန်တိုင်းမိုးများကြောင့် တံတား၏ ရန်ကုန်ဘက်ခြမ်း ကမ်းကပ်ခုံ ရေတိုက်စားပျက်စီးခဲ့ရပြီး နိုင်ငံတော်ယာယီသမ္မတ၏ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးခရီးစဉ်တွင် **"ရန်ကုန် – မန္တလေး အမြန်လမ်းမကြီးရှိ ဆွာချောင်းတံတားသို့ ရေစီးကြောင်းမှန်ကန်စွာ စီးဆင်းစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရနှင့် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရန်"** လမ်းညွှန်မှာကြားခဲ့ခြင်းအပေါ် ဆွာချောင်းရေတိုက်စားမှု ကာကွယ်ရန်နှင့် တံတားအဝင် ရေလမ်းကောင်းမွန်စေရန် တို့အတွက် Gabion Box ကျောက်ဖြည့် မြေထိန်းနံရံ အလျား ပေ ၁၃၅၀ ၊ Steel Basket ရေကာအလျားပေ ၉၀၀ နှင့် သုံးတန်းသွား မျောတိုင်တန်းရေကာ အလျားပေ ၁၅၀ ခြောက်ခုတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အထွေထွေပိုလျှံရန်ပုံငွေ (GRF)ဖြင့် ယခုနှစ် ဩဂုတ် ၈ ရက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းသည် ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေတွင် ၂၀၂၄ ခုနှစ်အတွင်း ရာဂီမုန်တိုင်းဒဏ်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ဆင်သေချောင်းတစ်လျှောက်ရှိ ပတ်ဝန်းကျင် ကျေးရွာများနှင့် လမ်းတံတားများ ထိခိုက်ပျက်စီးမှုများစွာ ဖြစ်ပေါ်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်ယာယီသမ္မတ၏ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် နေပြည်တော် ကောင်စီနယ်မြေအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည့် ခရီးစဉ် လမ်းညွှန်မှာကြားချက်အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဥယျာဉ်တံတားအဝင် ရေလမ်းနှင့် ရေထိန်းရေကာများတည်ဆောက်ရေးလုပ်ငန်းနေရာသို့ ရောက်ရှိစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ငန်း)က လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းများအရည်အသွေးပြည့်ဝစွာ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ဆင်သေချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေရှည်ဆောင်ရွက်သင့်သော လုပ်ငန်းများ၊ ဥယျာဉ်တံတားနှင့် သိုက်ချောင်းတံတားတို့ ရေရှည်တည်တံ့စေရေး ဌာနက စစ်ဆေးဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ဆင်သေချောင်း၏ သဲနုန်းကျဆင်းမှုကို ရေရှည်တွင်ထိန်းသိမ်းရမည့်လုပ်ငန်းများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နှင့် သီပေါမြို့တို့မှ ပြည်သူများကို အနုပညာရှင်များ ဆက်လက်ဖျော်ဖြေတင်ဆက်

**ကျောက်မဲ ဒီဇင်ဘာ ၂၀**

ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရုပ်ရှင်၊ ဂီတအနုပညာရှင်များနှင့်အတူ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျောက်မဲမြို့နှင့် သီပေါမြို့နယ်တို့သို့ သွားရောက်၍ အနုပညာရှင်များက ပြည်သူများကို ဆက်လက်ဖျော်ဖြေတင်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နံနက်ပိုင်းတွင် ကျောက်မဲမြို့မှ ထွက်ခွာပြီး သီပေါမြို့သို့ ရောက်ရှိကြရာ မြို့အဝင် မုခ်ဦး၌ ပြည်သူများနှင့် ဝန်ထမ်းများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြပြီး အနုပညာရှင်များနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ထို့နောက် သီပေါမြို့ မြို့တော်ခန်းမ၌ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးတွေ့ဆုံပွဲကို ကျင်းပရာ " ရှေ့သို့ချီမည် ပန်းတိုင်ဆီ" Video Clip ကို ဦးစွာ ဖွင့်လှစ်ပြသသည်။

ယင်းနောက် ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦးက ဒေသခံပြည်သူများ အပန်းပြေပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိစေရန် လာရောက်ဖျော်ဖြေပေးကြသည့် အနုပညာရှင်များကို ကျေးဇူးတင်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သီပေါမြို့အတွက် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များနှင့်အတူ MRTV DTH စလောင်းနှင့် ဆက်စပ်ပစ္စည်း အစုံ ၃၀၊ MRTV DVB – T2 Set Top Box အစုံ ၂၀ တို့ကို ပေးအပ်လှူဒါန်းရာ သီပေါမြို့နယ် အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

ယင်းနောက် ဖျော်ဖြေရေးအစီအစဉ်ကို ဆောင်ရွက်ရာ အနုပညာရှင်များက သီဆိုဖျော်ဖြေကြပြီး ဒေသခံပြည်သူများကလည်း ပါဝင်သီဆိုကခုန်ကြကာ ပျော်ရွှင်စွာအားပေးကြသည်။



ဖျော်ဖြေပွဲအပြီးတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသသို့လာရောက်ဖျော်ဖြေပေးကြသော အနုပညာရှင်များအတွက် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နှင့် နယ်မြေခံတပ်တို့က မိသားစုများ၊ ကျောက်မဲခရိုင်နှင့် သီပေါမြို့နယ်အုပ်ချုပ်ရေးအဖွဲ့တို့မှ ဂုဏ်ပြုချီးမြှင့်ငွေများ အသီးသီးပေးအပ်ကြသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် အနုပညာရှင်များသည် သီပေါမြို့မဈေးနှင့် ကျောက်မဲမြို့မဈေးတို့သို့ သွားရောက်ကြပြီး ဈေးရောင်း၊ ဈေးဝယ်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ရာ ဒေသခံပြည်သူများက ပြည်သူချစ်သောအနုပညာရှင်များနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သီပေါမြို့နယ် ဘော်ကြိုကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုမဟာ့ဓေစေတီတော်သို့ သွားရောက်ဖူးမြော်ကြပြီး ဘုရားကြီးအတွက် နဝကမ္မအလှူငွေများ စုပေါင်းလှူဒါန်းကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ကျောက်မဲတပ်နယ်ရှိ တပ်မတော်သားများ၊ ကျောက်မဲခရိုင်မှ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုများကို ဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေမှု မစတင်မီ ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ကျောက်မဲတပ်နယ်အတွက် ဘုရားဆင်းတုတော်များနှင့် MRTV DTH စလောင်း အစုံ ၃၀နှင့် MRTV DVB –T2 Set Top Box အစုံ ၂၀ တို့ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ရှေ့တန်းရောက်တပ်မတော်သားများအတွက် ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့် ခေါက်ဆွဲခြောက်၊ ငါးခြောက်ကြော်၊ ငံပြာရည်ချက်၊ လက်ဖက်အကြော်စုံနှင့် ကော်ဖီထုပ်များ အပါအဝင် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျောက်မဲ၊ သီပေါ၊ နောင်ချိုမြို့နယ်တို့တွင် လှည့်လည်ဖျော်ဖြေခဲ့ကြသော အနုပညာရှင်များအတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ နယ်မြေခံတပ်နယ်၊ ကျောက်မဲခရိုင်နှင့် မြို့နယ်များမှ ဂုဏ်ပြုချီးမြှင့်ငွေများကို တာဝန်ရှိသူများက ပေးအပ်ကြရာ အနုပညာရှင်များက လက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံကျော်အနုပညာရှင်များနှင့် MRTV မှ အဆိုရှင်များက ဖျော်ဖြေတင်ဆက်ကြရာ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ စုစုပေါင်း အင်အားနှစ်ထောင်ခန့် တက်ရောက်၍ တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မှော်ဘီမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၀**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဥသျှစ်ကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ငါးပါးနှင့် ဒေသခံပြည်သူ ၁၄၅ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင်လည်း အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဘုန်းတော်ကြီးရပ်ကွက်နှင့် ပတ်ဝန်းကျင်ရပ်ကွက်များရှိ ဒေသခံပြည်သူများကို အဆိုပါရပ်ကွက်ရှိ ပထမဝေဠုဝန်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၂၁၆ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ကြည့်ရှုအားပေးစဉ်။

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်ရာ တောင်ကြီးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲ၌ သင်ခန်းစာဆွေးနွေးနေမှုများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ကမ္ဘောဒီးယားနိုင်ငံ စာဆိုတော်နေ့နှင့် စာပေနှီးနှောဖလှယ်ပွဲ အခမ်းအနားတက်ရောက်ရန် ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ကမ္ဘောဒီးယားနိုင်ငံ စာရေးဆရာအသင်း၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ဒီဇင်ဘာ ၂၁ ရက်မှ ၂၅ ရက်ထိကျင်းပမည့် ကမ္ဘောဒီးယားနိုင်ငံစာဆိုတော်နေ့နှင့် စာပေနှီးနှောဖလှယ်ပွဲအခမ်းအနားသို့ တက်ရောက်ရန် မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)ဦးဆောင်၍ အဖွဲ့ဝင်များဖြစ်ကြသော ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)၊ ဦးအောင်ကြည်(အောင်ကြည်ညွန့်-တက္ကသိုလ်)နှင့် ဦးစိုးမိုးနိုင် (နန်းအောင်လှိုင်)တို့သည် ယနေ့ ညနေ ၅ နာရီ ၃၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာရာ မြန်မာနိုင်ငံစာရေးဆရာအသင်းမှ တာဝန်ရှိသူများက လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# အခြေခံပညာကျောင်းများ၊ ဘုရားစေတီပုထိုးများ၊ ဆေးရုံများနှင့် ဘိုးဘွားရိပ်သာများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၀**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အပါအဝင် မြို့နယ် သုံးမြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ သုံးခွမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ သာကေတမြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ ဒေါပုံမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၊ အင်းစိန်မြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့ရှိ ဘုရားစေတီပုထိုးများ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဘာသာရေးကျောင်းများနှင့် လမ်းမကြီးတို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများကို ခြင်ဆေးဖျန်းခြင်းများ စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၉၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ထူးခြားသည့် ညအပူချိန်များ (၂၀ - ၁၂ - ၂၀၂၅)

| | | | | |
|---|---|---|---|---|
| ဟားခါး | သုည | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၇ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၇ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| လားရှိုး | ၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

# မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူ သားဖွားဆရာမ တစ်ဦးအပါအဝင် အပြစ်မဲ့ဒေသခံပြည်သူ ခြောက်ဦးတို့ကို ရက်စက်စွာလုပ်ကြံသတ်ဖြတ်



မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက ရက်စက်စွာပစ်ခတ်သတ်ဖြတ်ခဲ့သော ကျေးရွာအုပ်ချုပ်ရေးမှူးကို တွေ့ရစဉ်။



မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက ရက်စက်စွာပစ်ခတ်သတ်ဖြတ်ခဲ့သော ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူ သားဖွားဆရာမကို တွေ့ရစဉ်။



မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက ရက်စက်စွာပစ်ခတ်သတ်ဖြတ်ခဲ့သော အပြစ်မဲ့ဒေသခံပြည်သူ လေးဦးကို တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၀**

အကြမ်းဖက်အဖွဲ့များဖြစ်သော CRPH နှင့် NUG တို့သည် နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များကို ဖွဲ့စည်း၍ အချို့သောဒေသများတွင် နိုင်ငံတော်က ပေးအပ်လာသောတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည့် သစ္စာရှိအစိုးရဝန်ထမ်းများ၊ သာသနာ့အကျိုးသယ်ပိုး ထမ်းဆောင်လျက်ရှိသော ရဟန်းသံဃာများ၊ အေးချမ်းစွာနေထိုင်လျက်ရှိသော အပြစ်မဲ့ဒေသခံပြည်သူများကို ခေါင်းစဉ်အမျိုးမျိုးတပ်၍ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၁၉ ရက် နေ့လယ်ပိုင်းတွင် PDFအမည်ခံ အကြမ်းဖက်သမားများသည် ပြည်သူလူထုအကြား အကြောက်တရားလွှမ်းမိုးစေရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် လယ်ကြီးကျေးရွာအုပ်စု လယ်ကြီးကျေးရွာနေ အုပ်ချုပ်ရေးမှူး ဦးလှမင်းကြည်(ဘ)ဦးလှထူးနှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ချိုချိုမြင့်(ဘ) ဦးရွှေသောင်း တို့ကိုလည်းကောင်း၊ မလှိုင်မြို့နယ် မျက်သီးကျင်း(မြောက်)ကျေးရွာနေ ကုန်စုံဆိုင်လုပ်ကိုင်သူ ဒေါ်လှရှင်း(ဘ)ဦးမွေး၊ ဒေါ်ယဉ်ယဉ်အောင်(ဘ) ဦးညွန့်ရွှေနှင့် ဦးမိုးသူ(ခ)တရုတ်ကြီး(ဘ) ဦးညွန့်ရွှေတို့ ကိုလည်းကောင်း၊ မလှိုင်မြို့နယ် ရုံးတော ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုပေးနေသူ သားဖွားဆရာမ ဒေါ်အေးအေးခိုင်(ဘ) ဦးကျော်ဝင်းအား လည်းကောင်း ၎င်းတို့နေအိမ်အသီးသီး၌ ရှိနေစဉ် PDF အမည်ခံအကြမ်းဖက်သမား များက လက်နက်ငယ်များဖြင့်လာရောက်၍ ယုတ်မာရိုင်းစိုင်းစွာ ဝိုင်းဝန်းပစ်ခတ်ခဲ့သဖြင့် သားဖွားဆရာမဖြစ်သူ ဒေါ်အေးအေးခိုင်အပါအဝင် အပြစ်မဲ့ဒေသခံပြည်သူ ခြောက်ဦးတို့သည် ကျည်ထိမှန်ဒဏ်ရာများဖြင့် ၎င်းတို့နေအိမ်အသီးသီး၌ပင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်တွင် PDF အမည်ခံ အကြမ်းဖက်သမားများသည် နိုင်ငံတော်က ပေးအပ်လာသောတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည့် သစ္စာရှိအစိုးရဝန်ထမ်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာသတ်ဖြတ်ခဲ့ကြသဖြင့် ဒေသတွင်း လူမှုစီးပွား၊ ကျန်းမာရေးကဏ္ဍများ ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်ခဲ့ရပြီး ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ် လုပ်ဆောင်ခဲ့ကြသည့် PDFအမည်ခံ အကြမ်းဖက်သမားများကို ဒေသခံပြည်သူများက ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ PDFအမည်ခံအကြမ်းဖက်သမားများကို အမြန်ဆုံးဖမ်းဆီးဖော်ထုတ်ရမိရေး လုံခြုံရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# မူဆယ်၊ တောင်ဥက္ကလာပနှင့် မရမ်းကုန်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



ထွန်းထွန်းနိုင်ကို ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



ဖြိုးဇော်၊ မရွှန်းလဲ့ဗိုလ်၊ ကျော်ကျော်မင်းတို့ကို ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



ကျော်ကျော်မင်းကို ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



မခင်ချိုချိုနိုင်ကို ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၀**

မူဆယ်၊တောင်ဥက္ကလာပနှင့်မရမ်းကုန်းမြို့နယ်တို့တွင်တရားမဝင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက သတင်းအရ မူဆယ်မြို့ ကောင်းမှုတံရပ်ကွက် ကောင်းမှုလွယ်နယ်မြေ နယ်မြေ(၆)နေ ထွန်းထွန်းနိုင် ၃၃ နှစ်၏ နေအိမ်ခန်းကိုဝင်ရောက်ရှာဖွေရာ နေအိမ်မှ ဘိန်းဖြူ သုညဒသမ ၃၇ ကီလို (တစ်ကီလိုလျှင် ငွေကျပ် သိန်း ၁၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၅၅ ဒသမ ၅ သိန်း)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၇၅၀(တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်၁၆၇ ဒသမ ၅ သိန်း)တို့ကို ဖမ်းဆီးရမိသဖြင့် ထွန်းထွန်းနိုင်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် သံသုမာလမ်းတွင် လမ်းလျှောက်လာသူ ဖြိုးဇော်၄၆ နှစ် (၇)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေသူအား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၀ သိန်း) ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်အရ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၃)ရပ်ကွင်တွင် စိတ်ကြွဆေးပြားများ ရောင်းချပေးသူ မရွှန်းလဲ့ဗိုလ် ၃၁ နှစ် (၁)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်နေသူကို ဖမ်းဆီးရမိပြီး ၎င်း၏ဖော်ထုတ်ချက်အရ ညနေ ၄ နာရီ ၁၅ မိနစ်တွင် မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက်တွင် ကျော်ကျော်မင်း ၃၈ နှစ် (၅)ရပ်ကွက် မရမ်းကုန်းမြို့နယ်နေသူအား ဖမ်းဆီးရမိပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ညနေ ၅ နာရီ ၂၅ မိနစ်တွင် ၎င်းနေထိုင်သည့် မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက်ရှိ နေအိမ်မှစိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀(တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၀၀) ဆက်လက်သိမ်းဆည်းရမိခဲ့သည်။

၎င်း၏ဖော်ထုတ်ချက်အရ ည ၉ နာရီတွင် တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ပါရမီလမ်းနှင့် သဒ္ဒါလမ်းထောင့်တွင် စိတ်ကြွဆေးပြားများရောင်းချပေးသူ မခင်ချိုချိုနိုင် ၃၃ နှစ် (၄)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေသူအား စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင် ငွေ ကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၀၀) ဖမ်းဆီးရမိပြီး စစ်ဆေးချက်အရ ည ၉ နာရီ ၃၅ မိနစ်တွင် ၎င်းနေထိုင်သည့် တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်ရှိနေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၅၄၀) ထပ်မံသိမ်းဆည်းရမိသဖြင့် ဖြိုးဇော်၊ မရွှန်းလဲ့ဗိုလ်၊ ကျော်ကျော်မင်းနှင့် မခင်ချိုချိုနိုင်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# KK Park နယ်မြေ၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို မီးရှို့ဖျက်ဆီး၊ မြဝတီမြို့အတွင်း တရားမဝင်ပြည်ပနိုင်ငံသားများနှင့်တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိ



မြဝတီမြို့အတွင်း တရားမဝင် နိုင်ငံခြားသားများ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။



မြဝတီမြို့အတွင်း တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားသူများ အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။



KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်သူများ အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံး အခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မြဝတီမြို့အတွင်း၌လည်း တရားမဝင် ဝင်ရောက်နေထိုင်သူများနှင့် အွန်လိုင်းလောင်းကစား ကျူးလွန်သူများကို ဖမ်းဆီးရမိရေး လုံခြုံရေးပူးပေါင်းအဖွဲ့များက သတင်းအရ မြဝတီမြို့ဝန်းကျင်တွင် ရှောင်တခင်စစ်ဆေးခြင်းများ၊ မြဝတီမြို့ အဝင်၊အထွက် လမ်းကြောင်းနေရာများနှင့် လမ်းဆုံလမ်းခွနေရာများတွင် ပိတ်ဆို့စစ်ဆေး ရှာဖွေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း တရားမဝင် တစ်ထပ်အဆောက်အအုံ ငါးလုံးကို ထပ်မံစစ်ဆေးနိုင်ခဲ့ပြီး အဆိုပါအဆောက်အအုံများအနက်မှ မြဝတီမြို့ မြေနီကုန်းရပ်ကွက်အနီး လူမနေပိတ်ထားသည့် တည်းခိုခန်းအတွင်း၌ တရားမဝင်တရုတ်နိုင်ငံသား အမျိုးသား ၁၅ ဦးကိုလည်းကောင်း၊ ဂိုဒေါင် နှစ်လုံးအတွင်း၌ တရားမဝင် ကုန်ပစ္စည်းများဖြစ်သော ကားကြီးတာယာ(ဆိုဒ် TX၆၀)အလုံး၂၀၀၊ မိုးကာလိပ်အစိမ်း အလိပ် ၃၀၀၀၊ စက္ကူလိပ်(အကြီး) အလိပ်၂၀၊ Air Fiter ဘူး(အကြီး) အလုံး ၂၀၊ Air Fiter ဘူး(အသေး) အလုံး ၃၀၊ Battery စက်ဘီး ၁၆ စီး၊ ရေစုပ်မော်တာ (၁ ဒသမ ၅ ကောင်) အလုံး ၁၀၀၊ Back Hoe ဘီးခွေ ၂၅ ခု၊ တစ်သျှူးဖာမျိုးစုံ ဖာ ၃၀၀၀၊ စာရေးကိရိယာမျိုးစုံ ဖာ ၁၀၀၀၊ အလှကုန်ပစ္စည်းအထုပ် ၂၅၀၊ သွပ်ဖာ ဆီလီကွန် ဖာ ၁၈၀၀၊ စက်ဘီးအစီး ၂၀၊ ကလေးတွန်းလှည်း ၁၅ ခု စုစုပေါင်းတရားမဝင်ကုန်ပစ္စည်း ၁၄ မျိုးကိုလည်းကောင်း သိုလှောင်ထားရှိကြောင်း ဖော်ထုတ် ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိ တရားမဝင် ကုန်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပြီး ပါဝင်ပတ်သက်သူများကို ဆက်လက်စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူ ဆောင်ရွက်နိုင်ရေးနှင့် ပြည်ပနိုင်ငံသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

၎င်းပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို ထပ်မံ၍အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခြင်းများပပျောက်စေရေးကို မြန်မာနိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်နှိမ်နင်းသွားမည်ဖြစ်ပြီး ၎င်းလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်နေသူများကို ဖော်ထုတ်ဖမ်းဆီး၍ ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မဝ၁)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၁၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Htet Aung Victor” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် မန်းရပ်ကွက်နေ ထက်အောင်လင်းအား တောင်ငူမြို့နယ် အမှတ်(၂)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(မဝ၁)

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

ဝတ္ထုတိုကဏ္ဍ

# အရိုးကတော့ များလှသည်

မောင်ခြိမ့်



(၁)

တောက်တစ်ချက် ပြင်းပြင်းခေါက်ပြီး ဖိုးမှိ တစ်ယောက် အိမ်ပေါ်မှဆင်းလာခဲ့သည်။

မဟုတ်မဟတ် စွပ်စွဲချက်တွေကြောင့် စိတ်လည်း တော်တော်တိုမိရသည်။ ကိုယ်ချစ်လို့ယူထားခဲ့သော မိန်းမဆိုတော့လည်း ရိုက်ဟယ် နှက်ဟယ် မလုပ်ချင်ပါ။ ဒါကလည်း စကားအဖြစ်သာရှိသည်။ တကယ့်တကယ် ရိုက်မည်နှက်မည်ဆိုလျှင် အေးကြည်မ၏ အမေက ခံလိမ့်မည်မထင်။ အေးကြည်မကို ဆူရုံ မာန်ရုံနှင့်ပင် အေးကြည်မ၏ အမေကြီးက မလွယ်။ အဘွားကြီး၏ပြောစကားအရ သူတို့အမျိုးက ဇာမဏီမျိုးဆိုပဲ၊ အမွေးတစ်ပင်တောင် အကျွတ်မခံဘူးဟု ရွာထဲမှာ စကားများကြတိုင်း၊ ရန်ဖြစ်ကြတိုင်း ထဘီကို ပင့်တင်ပြီး ခုနစ်သံချီတက်၍အော်တာ ဖိုးမှိကြားဖူး၏။ မြင်ဖူး၏။ ထို့ကြောင့် ဖိုးမှိလန့်သည် ရှိန်သည်။

တစ်ခါတလေများမှာတော့ လင်နဲ့မယား၊ လျှာနဲ့သွားပဲ စိတ်အခန့်မသင့်သည့်အခါတွေရှိ၏။ အပေါက်အလမ်းမတည့်တာတွေရှိ၏။ သဘောထားချင်းမတိုက်ဆိုင်တာတွေရှိ၏။ ထိုသို့သော အခါများတွင် လင်နဲ့မယားခွန်းကြီးခွန်းငယ် အော်မည်ကြံရုံရှိသေး အိမ်ခေါင်းရင်းမှာကပ်နေသည့် အိမ်ထဲမှ အေးကြည်မ အမေက "အဟမ်း" "အဟမ်း"ဆိုပြီး လုပ်ချောင်းကြီးဆိုးတော့၏။ ထိုချောင်းသံပေး၍မှ မရပ်ဘဲ ဆက်ပြီးရန်စပွားနေမယ်များမကြံလေနှင့် နံနက်တိုင်း ဝါးခယ်မဈေးထဲမှာ ငါးတွေ၊ ပုစွန်တွေ ထည့်ရောင်းလေ့ရှိသည့် ဒန်ဇလုံကြီးကိုဖြစ်ဖြစ်၊ ကြွေရည်သုတ်လင်ပန်းကြီးကိုဖြစ်ဖြစ် မတော်တဆ လွတ်ကျသလိုလိုနှင့် "ဂလုံ ဂလွမ်" မြည်အောင် လွှတ်ချပြီး အချက်ပေးတော့၏။ ဒါသည်ပင် အေးကြည်မအမေ ဖိုးမှိယောက္ခမကြီး၏ အကျင့်ပဲဖြစ်၏။ "စကားများမနေကြနဲ့၊ ရန်ဖြစ်မနေကြနဲ့၊ ငါ့သမီးကို ဆူလဲမဆူနဲ့၊ မာန်လဲမမာန်နဲ့၊ စကားတောင်မာမာ မပြောနဲ့ ငါ့သမီးထိရင် ငါမခံဘူးဟေ့နော်" ဟု အဓိပ္ပာယ်ရသည်။

ဘယ့်နှယ် အဘိုးကြီးက အေးသလောက်၊ စိတ်သဘောထားပြည့်သလောက် ဒီအဘွားကြီးကျမှ။ ဖိုးမှိကတော့ အဘိုးကြီးကို အဖေအရင်းလို သဘောထားသည်။ အဘိုးကြီးကလဲ ဆူစရာပြောစရာရှိလျှင် ဆန်ရင်းနာနာဖွတ်သည့်သဘောနှင့် သမီးဖြစ်သူကိုသာ ဆူတတ်ပြောတတ်ပြီး ဖိုးမှိကိုတော့ နားဝင်အောင် ချိုချိုသာသာပြောလေ့ရှိ၏။ ထို့ကြောင့်ပင် သီတင်းဝါလကျွတ်၍ ကန်တော့လျှင် ဖိုးမှိက အဘိုးကြီးအတွက် မင်းကြီးကြိုက်တို့၊ ဦးဂျမ်းတို့ စသည့်ပုဆိုးကောင်းကောင်းဝယ်ပြီး ကန်တော့၏။ အဘွားကြီးအတွက်ကိုတော့ တရုတ်ပိတ်စကလေး ဒါမှမဟုတ် ပေါ်ပလင်ဆေးရိုက်ထည်ကလေးတွေ လောက်နှင့်သာ ပြီးတတ်လေသည်။

ဒါတွေကိုအဘွားကြီးကလည်းသိသည်။ ဆယ်နှစ်သမီးလောက်ကတည်းက ငါးစိမ်းဗန်းခေါင်းပေါ်တင်ပြီး ဈေးရောင်းလာတဲ့သူ၊ ရှစ်စပ်ကဂျင်ခြေလည်၊ ဆယ့်နှစ်ကြိုးကျေလာတဲ့သူဆိုတော့ အဲသည်အချိုးတွေ၊ ဖိုးမှိချိုးနေတာသိ၏။ သိတော့ အမြင်မကြည်၊ အမြင်မကြည်တော့...။ အဲသည်လိုနှင့် သမီးယောက္ခမ နှစ်ယောက်၏ မကြေညာသောစစ်ပွဲဆင်နွှဲလာတာ ကြာခဲ့လေပြီ။ ဖိုးမှိပင် အေးကြည်မနှင့် ပေါင်းလာတာ ကလေး နှစ်ယောက်ပင်ရခဲ့ပြီ။

(၂)

သည်ကနေ့ ညနေရေတက်ဦး ရေလှန်ချိန်မှာ ဖိုးမှိတို့ ပိုက်လှေတစ်ဆယ့်ငါးစင်း အဝေးခရီးကို ငါးမြွေထိုးပိုက်ဆွဲသွားဖို့စီစဉ်ပြီးလေပြီ။ အဝေးခရီးသွားကြလျှင် တစ်ပတ်ဆယ်ရက်၊ သူတို့ဒေသအခေါ် တစ်ရေနှစ်ရေနှင့် အိမ်ပြန်ရောက်တာမဟုတ်၊ အနည်းဆုံး တစ်လခွဲ နှစ်လကနေ လေးငါးလထိ ကြာတတ်မြဲဖြစ်သည်။

သူတို့ပိုက်လှေကလေးတွေ သွားသည့်နေရာ အင်းချောင်းတွေက ဝေးလံလှတော့၏။ သူတို့ရွာကနေ နှစ်ညအိပ်၊ သုံးညအိပ်ခရီးလောက် လက်လှော်လှေကလေးတွေနှင့် လှော်နိုင်ပါမှ ရောက်နိုင်သည့် မော်ကျွန်း၊ မြင်းကကုန်း၊ ဘိုကလေး၊ ကျိုက်ပိ၊ ကျိုက်လတ်တို့လိုနေရာမျိုးထိ သွားကြရတာဖြစ်သည်။ တချို့ပိုက်သမားတွေက ရွှေကုံး၊ ပြိတ္တာကြီး၊ ပြိတ္တာလေး၊ ဘေးပေါက်၊ ကကရုံဒေသတွေထိ သွားတတ်ကြသည်။

ငါးမြွေထိုးပိုက်လှေတစ်စီးစီမှာ လူနှစ်ယောက်ပါ၏။ ပိုက်တစ်ဖောင်နှင့် လှော်တက်၊ မိုန်း၊ မီးဖို၊ အိုးခွက်ပန်းကန်နှင့် စားရေရိက္ခာ၊ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ မီးခွက်၊ ရေနံဆီ စသည့်ပစ္စည်းများ စုံစေ့အောင်ယူသွားကြရသည်။ ထိုပစ္စည်းများ လောက်ငှအောင်၊ မပါတာမရှိရအောင် ပိုက်သူကြီးကတော်တွေက တာဝန်ယူစီမံပေးကြရစမြဲဖြစ်၏။

ပိုက်လှေဦးစီး၊ ပိုက်သူကြီးတွေကတော့ ပိုက်သွားဆွဲရမည့်နေရာဒေသရဲ့အခြေအနေ၊ ဘယ်အင်းချောင်းမှာ ဘယ်နှစ်လလောက် ပိုက်ဆွဲလျှင် ကောင်းမည်လဲ၊ လေလံတွေ၊ ဂရန်တွေနဲ့ ကင်းလွတ်ရာပြင်ပ၊ အများသူငါ ရှာဖွေနိုင်တဲ့နေရာတွေမှာလည်း ပိုက်ဆွဲရင် ကောင်းမှာလား။ ငါးတိုက်လို့ရသည်ထိ သေချာတဲ့ အင်းချောင်းကိုဝယ်မလား၊ တစ်ရာသီစာငှားမလား၊ ဈေးကဘယ်၍ဘယ်မျှ၊ တစ်ယောက်တည်း တတ်နိုင်တာ မဟုတ်လို့ ပိုက်လှေ ဘယ်နှစ်စီးစုပြီးလုပ်ကိုင်ကြမလဲ စတာတွေကို ပိုက်သူကြီးအချင်းချင်း တိုင်ပင်ရ၊ ညှိနှိုင်းရ စိတ်တူသဘောတူရာရှာရနှင့် စိတ်မောရသောကာလဖြစ်သည်။

အလျား တစ်ဆယ့်သုံးတောင်၊ ကွင်းအကျယ် နှစ်တောင်သာသာ လက်လှော်လှေကလေးကိုလည်း ရေညှိတွေစင်အောင် အုန်းဆံဖတ်နှင့် တိုက်ပြီး ကုန်းပေါ်တင်ကာ ဖာထေးတန်ဖာထေး၊ ပျဉ်ဆွေးပျဉ်ပေါက်ရှိလျှင်လဲ အင်တွဲနှင့်ဖာ၊ ရေနံဝဝသုတ်။

ငါးမြွေထိုးဆွဲမည့်ပိုက်ကိုလည်း ပေါက်တာပြဲတာရှိလျှင် ဖာသင့်တာဖာ၊ အသစ်လဲတန်ရာ လဲရသေးသည်။ ခရီးဝေးမှာ အလုပ်လုပ်နေတုန်းပိုက်တွေ အပေါက်အပြဲ၊ အကွဲအစုတ်ဖြစ်လျှင် ပြန်လည်ပြုပြင်ဖို့အတွက် ချည်ခင်တွေ၊ အုပ်စီတွေစုရ၊ ဆောင်းရသေး၏။ ရှာရဖွေရသေး၏။ သို့နှင့်ပင် ပိုက်သူကြီးလုပ်သူခမျာ အားရသည်မရှိ။

ဒါတွေကို အေးကြည်မတစ်ယောက် မသိဘဲနေသည်မဟုတ်။ တံငါကို လင်လုပ်လာတာ တစ်ပုံစားဘဝ၊ လူငှားဘဝကတည်းက ယခုလို ကိုယ်ပိုင်လှေ၊ ကိုယ်ပိုင်ပိုက်နှင့် ပိုက်သူကြီးဖြစ်လာတဲ့ထိ၊ ကလေးနှစ်ယောက်ရလာတဲ့ထိဆိုတော့ နည်းသည့်နှစ်တွေမဟုတ်။

သို့သော်လည်း ယခုတော့ သူ့မှာဘာတာဝန်မျှမရှိသလိုမျိုးနေသာသပ၊ လေညာက၊ မဆိုင်သလိုမျိုး သည်ယောကျ်ားရှာလို့ဖွေလို့ရလာလျှင် သူပဲမစားသည့် ပုံမျိုးနှင့်မအေဖြစ်သူ၏ အမြှောက်အပင့် အတို့အထောင်သွေးခွဲစကားတွေကြားမှာ ကောင်းကင်လေမိနေသည့်စွန်ကလေးကဲ့သို့ခေါင်းကလေးတမော့မော့တခါခါဖြစ်နေလေတော့၏။

ကောင်းကင်လေအဝေ့အဝိုက် သူတစ်ပါးကုန်းတိုက်စကားတွေကြားမှာ သာယာနစ်မျောနေသည့် မိန်းမ၊ လေငြိမ်ခိုက်မှာ မြေပြင်တစ်ဝိုက်ဆီ သက်ဆင်းငိုရှိုက်နေရမှာ ဖိုးမှိမြင်ယောင်နေပါသေးသည်။

(၃)

"မင်းကိုက မိန်းမကို အလျှော့ပေးလွန်းပါတယ်ကွာ။ နေရာတကာ မိန်းမသဘောကျ နေလာခဲ့တာကြာပြီမဟုတ်လား။ အခုမှ စိတ်ညစ်တယ် ဘာတယ် လုပ်မနေစမ်းပါနဲ့ကွ။ ငါတို့ဆိုကြည့် ဟိတ်ဆိုပြီးပြီ။ မိန်းမဆိုတာ စယူကတည်းက အပိုးကျိုးအောင်လုပ်ထားရတယ်ကွ"

"ဟ...အေးကြည်မက တော်တော်ရယ်ကွ၊ ခက်နေတာက သူ့အမေကြီးပဲ၊ ဖိုးမှိဘဝက ဘာနဲ့တူနေသလဲဆိုတော့ ကျားလဲကြောက်ရ၊ ကျားချေးလဲကြောက်ရဆိုသလိုဖြစ်နေပြီ။ မိန်းမကိုလဲ ကြောက်ရ၊ ယောက္ခမကိုလဲကြောက်ရဆိုတော့၊ အင်...မင်းဘာလုပ်သင့်သလဲဆိုတော့ ရေထဲသာဆင်းသေလိုက်ပါတော့ကွာ ဟားဟားဟား"

"မင်းတို့ကလဲကွာ ဖိုးမှိကိုပြောနေလိုက်တာများ ရစရာကိုမရှိတော့ပါလား။ ဖိုးမှိက မယားကြောက်မဟုတ်ပါဘူးကွ။ စာဆိုနဲ့အညီ နေတာပါ။ တို့ရွာဦးကျောင်းက ကပ္ပိယကြီးရွတ်ပြတဲ့ စာထဲကလိုပေါ့ကွာ၊ ဘာတဲ့-

- မျက်နှာကို ခြေနှင့်ကျောက်စေတော့
  သွေမဖောက်ခုနော်
  လင်ငါးယောက်ခုပေါ်စေ
  ကျွန်တော်က မလွဲ၊
  တစ်သက်လုံးလင်ငယ်နေပါ
  သည်မေကို ရိုးမြေကျစွဲ။
- ချစ်လှလို့ သည်းခံမယ်
  ဆဲရေးသံကိုလည်း
  အငြိမ့်သံပွဲလိုပ
  စိတ်ထဲကထင်တယ်၊
  ကွာမည်ကို မဆိုလိုက်ပါနှင့်
  မယ်ရိုက်ရင် ဖုန်းခံပါ့မယ်။
- ဖိနပ်နှင့် အရပ်လယ်မှာ
  မပြတ်ကွယ် မယ်ရိုက်တော့
  နာလိုက်တဲ့ စိတ်ကယ်နော်
  ရွှေးမျှမပေါ်
  ခင်လေးက ကြင်ရေးမျှော်လျှင်
  ထမီတောင် လျှော်ခိုင်းပါတော့လေး။

အဲဒီလို ယောကျ်ားမျိုးတွေရှိတယ်ကွ။ ကဲကဲ ဖိုးမှိအိမ်မြန်မြန်ပြန်တော့ဟ ရေတက်ဦးအမီ မင်းမိန်မနဲ့ ယောက္ခမထဘီတွေလျှော်ဖို့လေဟားဟားဟားဟား"

တစ်ရွာတည်းသား သူငယ်ချင်းတွေ၏ လှောင်ပြောင်သရော်မှုတွေကြားတွင် ဖိုးမှိ ခေါင်းမဖော်နိုင်ရှာ။ ရှက်ကလည်းရှက်၊ အခံရလည်းခက်လှတော့သည်။ ယခုပြဿနာဖြစ်ရသည်မှာလည်း သူ့အပြစ်မဟုတ်၊ အေးကြည်မ၏ သဘောထားသေးသိမ်မှုရောမွေးကို ဗာရာဏသီချဲ့သည့်ကိစ္စကြောင့်သာ ဖြစ်ရသည်မဟုတ်လား။

ဖိုးမှိတို့ မနှစ်ကနွေမှာ ဘိုကလေးဘက်က အင်းချောင်းတွင် တစ်ရာသီစာ ပုတ်ပြတ်ငှား၍ ပိုက်ဆွဲသွားခဲ့၏။ တန်ဆောင်မုန်း၊ နတ်တော် စပါးတွေ ဖုန်းစ၊ ကောက်ရည်နို့ချိုဝင်ကာစအချိန်မှစ၍ တပေါင်းလတိုင်လို့ စပါးတွေရိတ်ပြီး သိမ်းပြီးချိန်၊ စပါးကျီ၊ စပါးပုတ်ထဲရောက်ချိန် သော်ကဘုရားပွဲကြီးနီးချိန်မှ ရွာကိုပြန်လာခဲ့သည်။

ငါးမြွေထိုးဈေးကလည်းကောင်း၊ အထိအမိကလည်း များလေသဖြင့် ငွေလေးကြေးလေး အတော်စုဆောင်းမိခဲ့၏။ အခု အေးကြည်မ ဝတ်ထားသည့် နားကပ်ကလေးရယ်၊ ကျောက်နီလက်စွပ်ကလေးရယ်၊ သမီးကလေးနားက နားကွင်းလေးရယ်တောင် ဝယ်နိုင်သေး၏။

အဲသည်တုန်းကတော့ အေးကြည်မတို့ ပျော်နေလိုက်ပုံများ၊ မော်နေလိုက်ပုံများ၊ ဖိုးမှိကို ရိုသေလိုက်ပုံများ ခုနေတွေးကြည့်လျှင်တောင် မြင်ယောင်နေမိလေသေးသည်။ ဖိုးမှိက ရေနွေးဟေ့ဆို ကျိုပြီးသား၊ ထမင်းဟေ့ဆို ခူးပြီးသား၊ ယောက္ခမကြီးကရော ဘာထူးလို့လဲ၊ ငါးထွေချဉ်ရည်ကလေး ချက်ချက်၊ ငါးပြေမလက်တစ်ဝါးလောက်ကို နံနံပင်နိုင်နိုင်အုပ်ပြီး ချက်ချက်၊ ငါးသလောက်ဥလေးပဲကြော်ကြော် သမက်အတွက် ဖယ်ပြီးသား၊ အဆင်ကိုပြေလို့။

ဟော အခုနှစ် မိုးကုန်လို့ ဆောင်းဦးတောင် ပေါက်ဖို့ကြံတုန်း ဆီးနှင်းတစ်ပြိုက် မိုးတလိုက်နှင့် စရိုက်ကယ်ဘာသာ၊ တောတစ်ခွင်မှာ မြူခိုးဖြာတုန်း ရှိသေး၊ ဘိုကလေးက အင်းပိုင်ရှင်တွေ၊ အင်းသားတွေ ဖိုးမှိတို့ ရွာကလေးဆီ ပေါက်ချလာပါ ရောလားလေ။

သည်နှစ်မှာလည်း သူတို့အင်းချောင်းတွေမှာ ပိုက်ဆွဲလာကြဦးမှာ၊ လာမည်ဆိုလျှင် ဈေးညှိဖို့၊ စရန်ရိုက်ဖို့၊ စာချုပ်ချုပ်ဖို့ စသည့်အလုပ်တွေ လုပ်ကြဖို့လေ။ မနှစ်ကတည်းက လက်တွဲဖူးပြီးသား အင်းသားနှင့် တံငါသည်သံယောဇဉ်တွယ်နေကြပြီကိုး။

ဆက်လက်ဖော်ပြပါမည်။

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၉၈၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ထီးချိုင့် ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၉၈၈၀ ထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၁၂၈၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကေ ၉၈၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ မြေပဲကေ ၁၂၈၀ လျာထားစိုက်ပျိုးနေပါတယ်။ ဒီနေ့မှာ ကေ ၉၈၈၀ ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မြေပဲ စိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ ဆီထွက်သီးနှံအနေနဲ့က တော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ကေကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ကေစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။ (၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးရံ့ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးရံ့ပိဿာချိန် ၇၀၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးရံ့များအပါအဝင် ဒေသမှထွက်ရှိသည့် ရေထွက်ကုန်ပစ္စည်းများကို တင်ပို့ရောင်းချလျက်ရှိပြီး ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ငါးရံ့ပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ငါးရံ့ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"နိုဝင်ဘာလထဲမှာ ငါးရံ့တွေကို ရန်ကုန်ဈေးကွက်ထဲ သိသိသာသာကို တင်ပို့မှုများပြားခဲ့ပါတယ်။ ငါးရံ့တွေ အရောင်းအဝယ်ကောင်းခဲ့တာက ပြည်တွင်းမှာကို ဝယ်လိုအား ကောင်းနေတာကြောင့်ဖြစ်ပါတယ်။ ဒေသထွက် ငါးရံ့တွေအပါအဝင် ရေထွက်ကုန်ပစ္စည်းတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့တာဖြစ်ပါတယ်။ ဘိုကလေးမြို့နယ်ကနေ ထွက်ရှိတဲ့ ဒေသထွက် ငါးရံ့တွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုလဲ တင်ပို့ရောင်းချနေပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။



ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့ရသည့် ငါးရံ့အလတ် ၁၀ ပိဿာလျှင်ငွေကျပ် ၁၇၅၀၀၀၊ ငါးရံ့အသေး ၁၀ ပိဿာလျှင် ငွေကျပ် ၁၅၅၀၀၀၊ ငါးရံ့အကြီး ၁၀ ပိဿာလျှင် ငွေကျပ် ၂၇၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ဘိုကလေးမြို့နယ်မှထွက်ရှိသည့် ဒေသထွက် ငါးရံ့များ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ငါးရံ့ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ အလုပ်အကိုင် အခွင့်အလမ်းရရှိလျက်ရှိကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။ **ကျော်ကျော်လင်း**

# သာစည်မြို့နယ် မိုးညှင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**သာစည် ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ရမ်းကျေးရွာအုပ်စု မိုးညှင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မိုးညှင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သန်း ၄၀ ဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

မိုးညှင်းကျေးရွာ၌စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၁ ဦးကို ရန်ပုံငွေကျပ်သန်း ၄၀ ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

## လူထုအားကစားပွဲ တူဆင်နွှဲ

- နှင်းမှုန်ဖြန့်ထွေး အေးစိမ့်ဖြာ
  ဟေမာန်ဆောင်းလ ဒီဇင်ဘာ၊
  ကြံ့ခိုင်ကျန်းမာ လန်းဖြာရေး
  ကိုယ်လက်လှုပ်ရှား ကစားပေး။

- မနေ့းယှဉ်တွဲ လမ်းလျှောက်ပါ
  ထူးခြားအကျိုး များစေမှာ၊
  နေ့စဉ်တိုင်းသာ ပြုကျင့်သွား
  ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး။

- စိတ်နေပေါ့ပါး လန်းရွှင်ကြည်
  ကိုယ်ခံစွမ်းအား မြင့်စေမည်၊
  နာတာရှည်မှ ဆီးချိုထိ
  သွေးတိုးနှလုံး မကျန်ဘိ။

- စိတ်စွမ်းရည်ပြည့် အားသစ်မြိုင်
  ရောဂါကင်းပ ဝေးကွာနိုင်၊
  သန်စွမ်းကြံ့ခိုင် နုပျိုမှု
  သက်တမ်းရှည်ရေး ထောက်ကူပြု။

- လူထုလှုပ်ရှား အခြေခံ
  တစ်မျိုးသားလုံး ကျန်းမာရန်၊
  နိုးကြားထက်သန် ကြွားဝင့်ဖို့
  အားလုံးပါဝင် တူယှဉ်လို့
  လူထုအားကစားပွဲ ဆင်နွှဲစို့။ ။

ခိုင်ခိုင်နွယ်(ပညာရေး)

# ငဖဲမြို့နယ် ငလှိုင်တောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ ဒီဇင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ငလှိုင်တောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေ ပြည်သူများ ထားရှိရမည့်ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ငလှိုင်တောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ဒသမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၇ ဦးကို ငွေကျပ် ၄၅၆ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၁၂ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၄ ဦးကို ရန်ပုံငွေကျပ် ၄၆၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေထံမှ သိရသည်။

**ဇင်မာ**

# စားသုံးဆီနှင့် ကျန်းမာရေး

## မောင်သောင်းဝင်း(တမန်ဟောင်း)

ရှေးယခင်ကတည်းက မြန်မာအများစုသည် ဟင်းချက်ရာတွင် ဆီများစွာထည့်၍ ချက်ပြုတ်စားသုံးလေ့ရှိကြသည်။ တစ်နှစ်ပတ်လုံးစားသုံးနိုင်ရန် မြေပဲ၊နှမ်း စသည့်ဆီထွက်သီးနှံများကို ကိုယ်တိုင်စိုက်ပျိုး၍ ဆီကြိတ်ပြီး စဉ့်အိုးထဲထည့်ကာလှောင်ထားကြသည်။ ကြက်ဆီပြန်၊ ဝက်ဆီပြန်ဟင်းဆိုလျှင် ထမင်းပို၍စားကောင်းသည်ဟုဆိုသည်။ လက်ဖက်သုပ်နှင့် ငါးခြောက်ဖုတ်တို့တွင်လည်း ဆီများနစ်နေအောင်ထည့်ထားလေ့ရှိသည်။ အချို့သောသူများသည် ဆီပေါပေါများများ စားသုံးနိုင်သည်ကို ပင်ဂုဏ်ယူဝင့်ကြွားလျက်ရှိသည်။ အမှန်တော့ အချို့သော မြန်မာတို့သည်စားသုံးဆီကို လိုသည့်ပမာဏထက် ပိုမိုစားသုံးလျက်ရှိကြသည်။

အထူးသဖြင့်အညာဒေသမှ ပြည်သူများသည် စားသုံးဆီကို လွန်လွန်ကဲကဲစားသုံးကြသည်။ ယခင်က ပဲဆီ၊ နှမ်းဆီစစ်စစ်ကို စားသုံးပြီးကိုယ်လက်လှုပ်ရှားမှုများခြင်းကြောင့် နောက်ဆက်တွဲရောဂါ ပြင်းပြင်းထန်ထန်ခံစားရလေ့မရှိသော်လည်း လက်ရှိအချိန်တွင် အကြိမ်ကြိမ်ကြော်ထားသည့်ဆီများ အပါအဝင် ကျန်းမာရေးနှင့်မညီညွတ်သော ပြည့်ဝဆီများနှင့် အသွင်ပြောင်းဆီများကိုစားသုံးခြင်းကြောင့် ကျန်းမာရေးကို များစွာထိခိုက်စေလျက်ရှိသည်။ ထို့ပြင် စီးပွားရေးအရလည်းထိခိုက်လျက်ရှိသည်။

**စားသုံးဆီဆိုသည်မှာ**

စားသုံးဆီဆိုသည်မှာ လူတို့ချက်ပြုတ်ကြော်လှော်စားသုံးရာတွင် အဆိပ်အတောက်မဖြစ်ပေါ်စေဘဲ စားသုံးရန် သင့်လျော်သောဆီဖြစ်ပြီး ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil)နှင့် တိရစ္ဆာန်ထွက်ဆီ(Animal Fat) ဟူ၍ နှစ်မျိုးခွဲခြားထားသည်။ စင်စစ်အားဖြင့် စားသုံးဆီများသည် ဓာတုဗေဒဖွဲ့စည်းပုံအရ ဖက်တီးအက်စစ် (Fatty Acid) အမျိုးမျိုးဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်သည်။ မြန်မာလူမျိုးများအနေဖြင့် ဟင်းချက်ရာတွင် အသုံးများသော စားသုံးဆီများမှာ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားအုန်းဆီ၊ ပဲပုပ်ဆီတို့ဖြစ်ပြီး ယေဘုယျအားဖြင့် အပင်ထွက်ဆီ (Vegetable Oil) များကိုသာ စားသုံးဆီအဖြစ် အသုံးပြုကြသည်ဟု ဆိုနိုင်ပေသည်။

**ကျန်းမာရေးနှင့်ညီညွတ်သောဆီ**

ကမ္ဘာပေါ်တွင် ကောက်ပဲသီးနှံ၊ သား၊ ငါးများမှ ဆီအမျိုးမျိုးထုတ်ယူစားသုံးလျက်ရှိသည်။ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားအုန်းဆီ၊ ပဲပိစပ်ဆီ၊ အုန်းဆီ၊ သံလွင်ဆီ၊ မုန်ညင်းဆီတို့ဖြစ်ကြသည်။ အထူးသဖြင့် မပြည့်ဝဆီအုပ်စုဖြစ်သည့် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီနှင့်ငါးမှရသောအဆီများကို သင့်တင့်မျှတစွာ စားသုံးသင့်သည်။ မပြည့်ဝဆီများဖြစ်ကြသည့် အိုမီဂါ-၃ ၊ အိုမီဂါ-၆၊ Oleic Acid နှင့် Linoleic Acid များသည် ခန္ဓာကိုယ်အတွက် အကျိုးပြုသည့် အဆီများဖြစ်ကြပြီး ထိုကဲ့သို့သော အဆီများကို နေ့စဉ်စားသုံးသည့် အစားအစာများတွင် ထည့်သွင်းစားသုံးပေးခြင်းဖြင့် အဝလွန်ခြင်းကို ကာကွယ်နိုင်စေမည်ဖြစ်သည်။

**စားသုံးရန်မသင့်သော ဆီများ**

လက်ရှိအချိန်တွင် အစားအသောက်များတွင် ဓာတုပစ္စည်းများထည့်၍ လိုသလိုစီမံပြုပြင်နေကြသည်။ ဝိသမလောဘသမားများကြောင့် စားသုံးသူများကို ကျန်းမာရေးဆိုင်ရာဆိုးကျိုးများစွာ ဖြစ်ပေါ်စေလျက်ရှိသည်။ စားအုန်းဆီများ၊ အရည်အသွေးမမီသော ဆီများကိုလည်း အရောင်အဆင်း၊ အနံ့အရသာများထည့်ကာ မြေပဲဆီဟူ၍ ရောင်းချနေကြသည်။ ထို့ပြင် အရောအနှောဆီမျိုးစုံမှာလည်း ဈေးကွက်ထဲတွင် ပျံ့နှံ့လျက်ရှိသည်။ စားသုံးသူများအနေဖြင့် ဈေးနှုန်းချိုသာသည့် ဆီများကို ဝယ်ယူစားသုံးရာမှ နောက်ဆက်တွဲ ရောဂါမျိုးစုံခံစားရလျက်ရှိသည်။

> **❖ အထူးသဖြင့်အညာဒေသမှ ပြည်သူများသည် စားသုံးဆီကို လွန်လွန်ကဲကဲစားသုံးကြသည်။ ယခင်က ပဲဆီ၊ နှမ်းဆီစစ်စစ်ကို စားသုံးပြီး ကိုယ်လက်လှုပ်ရှားမှုများခြင်းကြောင့် နောက်ဆက်တွဲ ရောဂါပြင်းပြင်းထန်ထန်ခံစားရလေ့မရှိသော်လည်း လက်ရှိအချိန်တွင် အကြိမ်ကြိမ်ကြော်ထားသည့်ဆီများအပါအဝင် ကျန်းမာရေးနှင့် မညီညွတ်သော ပြည့်ဝဆီများနှင့် အသွင်ပြောင်းဆီများကို စားသုံးခြင်းကြောင့် ကျန်းမာရေးကို များစွာထိခိုက်စေလျက်ရှိသည်။ ထို့ပြင် စီးပွားရေးအရလည်း ထိခိုက်လျက်ရှိသည်။ ❖**

စားသုံးဆီများတွင် ပုံပြောင်းအဆီအက်ဆစ်များ (Trans Fatty Acid)နှင့် ကျန်းမာရေးနှင့်ကိုက်ညီမှုမရှိသော အခြားဓာတ်သဘာဝများပါရှိနိုင်သည်။ ထိုကဲ့သို့သော စားသုံးဆီများကြောင့် သွေးအတွင်းကိုလက်စထရောများမြင့်တက်လာပြီး နှလုံးနှင့်အသည်းအဆီဖုံးခြင်း၊ အသည်းကင်ဆာဖြစ်ခြင်း စသည့် ကုသရန်ခက်ခဲသော ဝေဒနာများဖြစ်ပေါ်လာနိုင်သည်။ ပြည့်ဝဆီအုပ်စုတွင် ပါဝင်သည့် စားအုန်းဆီ၊ ဆီကြော်အစားအစာများနှင့် တိရစ္ဆာန်မှရသော ဆီများကို တတ်နိုင်သမျှ လျှော့ချစားသုံးသင့်သည်။

**ရောဂါမျိုးစုံဖြစ်ပွား**

မြန်မာနိုင်ငံရှိ အချို့သောအိမ်များတွင် ဟင်းချက်ရာ၌ ဆီကိုအလွန်အကျွံထည့်၍ စားသောက်ကြသည်။ ထို့ပြင် လက်ဖက်၊ ငါးခြောက်ဖုတ်များတွင်လည်း ဆီများနစ်နေအောင်ထည့်ထားသည်။ အကျိုးဆက်အနေဖြင့် အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်းတို့အပြင် နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ ကင်ဆာရောဂါများပါဖြစ်ပွားနိုင်သည်။ နောက်ဆက်တွဲအနေဖြင့် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာဆိုးကျိုးများကို ဆက်တိုက်ခံစားနေကြရသည်။

အထူးသဖြင့် ငွေကြေးချွေတာသည့်အနေဖြင့် ကြော်ပြီးသားဆီများကို အကြိမ်ကြိမ်ချက်ပြုတ်စားသုံးခြင်းသည် ကျန်းမာရေးကိုဆိုးရွားစွာ ထိခိုက်စေနိုင်သည်။ ထို့ပြင် မြန်မာနိုင်ငံတွင် ပြည်တွင်း၌ စားသုံးဆီမလုံလောက်သဖြင့် ပြည်ပမှဆီကို မှာယူတင်သွင်းရလျက်ရှိသဖြင့် နိုင်ငံခြားဝင်ငွေများစွာ ကုန်ကျလျက်ရှိသည်။ ထို့ကြောင့် ပြည်သူတစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် စားသုံးဆီလျှော့ချစားသုံးခြင်းဖြင့် ကျန်းမာရေးနှင့်ညီညွတ်စေမည့်အပြင် တိုင်းပြည်ဝင်ငွေကိုပါ လျှော့ချစေနိုင်မည်ဖြစ်သည်။

ထို့ကြောင့် စားသုံးဆီသည် လူတို့အတွက် အင်အားဖြစ်စေသော အစာအုပ်စုဝင်ဖြစ်သော်လည်း လိုအပ်သည့်ပမာဏထက် ပို၍စားသုံးမိပါက အင်အားဓာတ်လွန်ကဲမှုကို ဖြစ်ပေါ်စေပြီး ကိုယ်အလေးချိန်တိုးလာနိုင်သည်နှင့်အမျှ အဝလွန်လာကာ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ အဆစ်ရောင်ရောဂါ စသည့်နာတာရှည်ဝေဒနာများ ဖြစ်ပေါ်လာစေနိုင်သည်။

**ကိုယ်တွေ့သင်ခန်းစာ**

စာရေးသူတို့မိသားစုသည် အညာကျေးလက်မှဖြစ်သည်။ ဇနီးဖြစ်သူသည်ဟင်းချက်ရာတွင် ဆီကိုလိုအပ်သည်ထက်ပိုမိုထည့်လေ့ရှိသည်။ ဆယ်စုနှစ်တစ်ခုလောက်ကြာပြီးနောက် ဆေးစစ်ကြည့်သည့်အချိန်တွင်စာရေးသူ၌ အသည်းအဆီဖုံးနေကြောင်းနှင့်ဆီလျှော့စားသုံးရန် ဆရာဝန်က တိုက်တွန်းခဲ့သည်။ ထိုသို့ဖြစ်လာလိမ့်မည်ဟု မျှော်လင့်မထားခဲ့ပေ။ ရောဂါကို ငွေပေးဝယ်နေရသည့် သဘောဖြစ်နေသည်။ ထိုအချိန်မှစ၍ ဇနီးဖြစ်သူကို ဟင်းချက်ရာတွင် ဆီလျှော့ထည့်ဖို့ သတိပေးနေရသည်။ သို့သော် ငယ်စဉ်ကတည်းက စားသုံးလာခဲ့သဖြင့် ဟင်းချက်ရာတွင် ဆီများနေဆဲပင်ဖြစ်သည်။ ထို့ကြောင့် ဆီအလွန်အကျွံစားသုံးခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများကို ပြောပြကာ ဆီစားသုံးမှုလျှော့ချဖို့ သတိပေးနေရသည်။ သတိပေးနေသည့်ကြားမှပင် လက်ရှိအချိန်ထိ ဆီကိုခုံမင်စွာ စားသုံးနေဆဲပင်ဖြစ်သည်။ ထို့ကြောင့် ထမင်းဝိုင်း၌ ဆီနည်းသည့် ဟင်းလျာနှင့် အသီးအရွက်ဟင်းကိုသာ ရွေးချယ်စားသုံးနေရသည်။ အခြားနည်းလမ်းတစ်ခုကတော့ အဆီကျစေရေးအတွက် ညနေတိုင်းလမ်းလျှောက်နေရသည်။

**ကျန်းမာနေဆဲ**

သာဓကအနေဖြင့် အညာဒေသရှိစာရေးသူ၏ မိဘနှစ်ပါးသည် ငယ်စဉ်ကတည်းက အဆီအအိမ့်နှင့်အသားများ လွန်လွန်ကဲကဲ မစားခဲ့သောကြောင့် အသက် ၉၀ ကျော်နေပြီဖြစ်သော်လည်း ကျန်းမာသက်ရှည်လျက်ရှိသည်။ အဖေနှင့်အမေတို့သက်တမ်းတစ်လျှောက်တွင် စားသုံးခဲ့သောဆီသည် ကိုယ်တိုင်ကြိတ်ခွဲထားသော မြေပဲဆီနှင့်နှမ်းဆီစစ်စစ်များပင်ဖြစ်သည်။ ထို့ပြင် မိုးလင်းမိုးချုပ် အလုပ်နှင့်လက်မပြတ်သောကြောင့် ခန္ဓာကိုယ်တွင် အဆီအပိုများမရှိဘဲ ကျစ်လျစ်ကြံ့ခိုင်လျက်ရှိသည်။ ယခုဆိုလျှင် ကျန်းမာသက်ရှည်နေသော မိဘနှစ်ပါးကိုအားကျနေမိသည်။ မိဘနှစ်ပါးလိုကျန်းမာသက်ရှည်စွာ နေထိုင်နိုင်ရေးအတွက် အဆီအအိမ့်နှင့်အငန်တို့လျှော့ချစားသုံးသွားရမည်ဖြစ်သည်။

**စားသုံးဆီနှင့် ကျန်းမာရေး**

မြန်မာလူမျိုးတို့၏ နေ့စဉ်ချက်ပြုတ်စားသောက်မှုအလေ့အထတွင် စားသုံးဆီသည် အဓိက အခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ မြန်မာတို့သည် ဆီကို လိုအပ်သည်ထက် ပိုထည့်၍ စားသုံးတတ်သည့် လူမျိုးဖြစ်သည့်အလျောက် မြန်မာနိုင်ငံသည် ဆီစားသုံးမှုမြင့်မားသော နိုင်ငံတစ်ခုအဖြစ် ရပ်တည်နေသည်။ မြန်မာနိုင်ငံတွင် ဆီလိုအပ်မှုမှာပြည်တွင်းစားသုံးမှုအတွက် နှစ်စဉ်ဆီတန်ချိန် ၁၁ သိန်းခန့် လိုအပ်လျက်ရှိရာ ပြည်တွင်းဆီထုတ်လုပ်မှုသာမက ပြည်ပမှဆီအမျိုးမျိုးကို နှစ်စဉ်ဆီတန်ချိန် ကိုးသိန်းခန့်လိုအပ်နေသည်။ ပြည်တွင်းလိုအပ်ချက်ပြည့်မီရန်အတွက် ပြည်ပမှ စားသုံးဆီအမျိုးအမျိုးကို တင်သွင်းနေလျက်ရှိရာ ၉၀ ရာခိုင်နှုန်းကျော်မှာ စားအုန်းဆီဖြစ်သည်။

ထို့ကြောင့် ပြည်သူတစ်ဦး တစ်ယောက်ချင်းမှအစပြု၍ မိသားစုပေါင်းများစွာက စားသုံးဆီကို လိုအပ်သလောက်သာ စားသုံးခြင်းအားဖြင့် ပြည်သူများကျန်းမာသန်စွမ်းပြီး နာတာရှည်ရောဂါများကင်းဝေးကာ မိမိတို့၏လုပ်ငန်းဆောင်တာများကို စွမ်းအားပြည့် လုပ်ဆောင်နိုင်ခြင်းနှင့်အတူ စားသုံးဆီတင်သွင်းမှုအတွက် အသုံးပြုရသော နိုင်ငံခြားငွေချွေတာလာနိုင်ခြင်းကြောင့် အခြားပြည်တွင်းလိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းဆောင်ရွက်လာနိုင်မည်လည်းဖြစ်သည်။

ဆိုရလျှင် မြန်မာတို့သည် ဟင်းချက်ပြုတ်ရာတွင် ဆီကို လိုအပ်သည်ထက်ပို၍ လွန်ကဲစွာစားသုံးလေ့ရှိကြသည်။ ဆီမပါလျှင် မစားတတ်သကဲ့သို့ ဖြစ်နေသည်။ အကျိုးဆက်အနေဖြင့် အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ နှလုံးသွေးကြောပိတ်ခြင်း၊ ကင်ဆာရောဂါအပါအဝင် ရောဂါမျိုးစုံကို ခံစားရလျက်ရှိသည်။ ထို့ပြင် ပြည်တွင်း၌စားသုံးဆီမလုံလောက်သဖြင့် ပြည်ပမှစားအုန်းဆီများကို နိုင်ငံခြားမှ မှာယူတင်သွင်းရသော အခြေအနေတွင် ပြည်သူတစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် စားသုံးဆီလျှော့ချစားသုံးသွားမည်ဆိုပါက ကျန်းမာသက်ရှည်လာစေမည့်အပြင် တစ်ဖက်တစ်လမ်းမှလည်း အသုံးစရိတ် လျှော့ချစေနိုင်မည်ဖြစ်ကြောင်း အကြံပြုတိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

– စားသုံးဆီကြောင့် ဘေးမဖြစ်စေလို

ဒေါက်တာပြည့်ထူး(FDA)။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## ကျီးမည်းကလေး၏ နောင်တ

မင်္ဂလာပါ သားသား၊ မီးမီးတို့ရေ။ ဒီတစ်ပတ်ဦးဦးပြောပြမဲ့ပုံပြင်လေးကတော့ **"ကျီးမည်းကလေး၏နောင်တ"**ဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်ကွယ်။

ဟိုးရှေးရှေးတုန်းက စိမ်းလန်းစိုပြည်တဲ့ တောအုပ်ကြီးထဲမှာ အကိုင်းအခက်ဝေဝေဆာဆာရှိတဲ့ ညောင်ပင်ကြီးတစ်ပင်ရှိသတဲ့ကွယ်။ အဲဒီညောင်ပင်ကြီးဟာ ငှက်အပေါင်းရဲ့နားခိုရာဖြစ်သလို စားရေးသောက်ရေးအတွက်လဲ အားထားရတာပေ့ါကွယ်။ ညောင်ပင်ကြီးအသီးသီးချိန်ဆို အခြားတောထဲက ငှက်တွေလဲ ညောင်သီးတွေကို လာရောက်စားသောက်ကြသတဲ့။ အဲဒီညောင်ပင်ကြီးမှာ ကျီးကန်းမိသားစုတစ်စုလဲရှိသတဲ့ကွယ်။ ကျီးဖေဖေ၊ ကျီးမေမေနဲ့ ကျီးမောင်နှမငါးယောက်ရှိသတဲ့ကွယ်။ မောင်နှမငါးယောက်ထဲမှာ ကျီးမည်းလို့အမည်ရတဲ့ ကျီးတစ်ကောင်ရှိသတဲ့ကွယ်။ ကျီးမည်းကလေးဟာ မောင်နှမငါးယောက်ထဲမှာ ဉာဏ်ကောင်းသလို ခွန်အားဗလလဲ ကောင်းသတဲ့ကွယ်။ ကျီးဖေဖေသင်ပေးတဲ့ ပညာရပ်တွေကိုလဲ ခဏလေးသင်ယူရုံနဲ့ တတ်မြောက်တာပေ့ါကွယ်။ ဒါကြောင့်ကျီးမည်းကလေးဟာမိမိကိုယ်ကိုအထင်ကြီးပြီး ကျန်မောင်နှမလေးယောက်နဲ့ ချစ်ချစ်ခင်ခင်မနေဘူးတဲ့ကွယ်။ ကျီးမိသားစုမှာ ကျီးမည်းကလေးက အမြဲအနိုင်ယူဗိုလ်ကျသတဲ့ကွယ်။ ကျန်တဲ့ကျီးဖေဖေ၊ ကျီးမေမေနဲ့ ကျီးမောင်နှမလေးယောက်ကတော့ ကျီးမည်းကလေးရဲ့ ဉာဏ်ရည်ထက်မြက်ပုံ၊ ခွန်အားဗလကြီးမားပုံကို ဂုဏ်ယူချီးမွမ်းကြသတဲ့ကွယ်။ ဒါပေမဲ့ ကျီးမည်းကလေးကတော့ မောင်နှမလေးယောက်အပေါ် ချစ်ခင်ခြင်းမရှိဘူးပေ့ါကွယ်။

တစ်နေ့မှာတော့ ကျီးမည်းကလေးဟာ အစာရှာထွက်ရင်း သေနေတဲ့ သမင်တစ်ကောင်ကို တွေ့သွားသတဲ့ကွယ်။ ဒါကြောင့် သူဟာ နေထိုင်တဲ့ညောင်ပင်ကြီးဆီကို အလျင်အမြန်ပြန်လာပြီး မိတ်ဆွေအဖော်ငှက်တွေကို သမင်တစ်ကောင်သေနေတဲ့အကြောင်း၊ အတူတူ သွားရောက်စားသောက်မဲ့အကြောင်း ပျော်ရွှင်မြူးထူးစွာ ပြောပြနေသတဲ့ကွယ်။ ကျီးမည်းကလေး ဦးဆောင်မှုနဲ့အတူ အခြားငှက်တွေဟာ သမင်သားကို အလုအယက်စားသောက်နေကြသတဲ့ကွယ်။ သမင်သားကို စားသောက်နေတဲ့အထဲမှာ ကျီးမည်းကလေးရဲ့ မိသားစုမပါဘူးပေ့ါကွယ်။ ကျီးမည်းကလေးက သူ့မိသားစုကိုမခေါ်ဘဲ တမင်ချန်ခဲ့တာပေ့ါကွယ်။ အဲဒီအကြောင်းကို ကျီးဖေဖေ၊ ကျီးမေမေနဲ့ ကျီးမောင်နှမလေးယောက်စလုံး သိကြတာပေ့ါကွယ်။ ကျီးမည်းကလေးရဲ့မိသားစုဟာ သူတို့ကို ဥပေက္ခာပြုတဲ့ ကျီးမည်းကလေးကို အပြစ်မမြင်ဘူးပေ့ါကွယ်။ ကျီးမည်းကလေး ညောင်ပင်ကြီးဆီပြန်ရောက်လာတဲ့အခါ ကျီးဖေဖေက "သားကျီးမည်းကလေး သားဟာ တို့မိသားစုထဲမှာ ဉာဏ်ရည်ထက်မြက်သလို၊ ခွန်အားဗလလဲ ပြည့်စုံ



တယ်နော်။ ဒါကြောင့် နောင်အခါ စားစရာတစ်ခုခုရလာရင် မောင်နှမတွေကို ဥပေက္ခာမပြုဘဲ ကျွေးပါကွာ"လို့ စကားဆိုသတဲ့ကွယ်။

အဲဒီအခါ ကျီးမည်းကလေးက " ဟာ အဖေကလဲ၊ သူတို့မှာ မွေးကတည်းက ပျံသန်းဖို့အတောင်တွေ၊ ချွန်ထက်တဲ့နှုတ်သီး၊ သားကောင်ကိုကုတ်ဖို့ ခြေတွေပါသားပဲ။ ကိုယ့်အစာ ကိုယ်ရှာစားပေ့ါ။ ကျွန်တော်ရှာလို့ရတဲ့အစာကို ကျွန်တော့်စိတ်ကြိုက်ကျွေးချင်တဲ့သူငယ်ချင်းကိုကျွေးမှာပဲ"လို့ စကားကို ပြတ်ပြတ်သားသားပြောပြီး ညောင်ပင်ကြီးဆီကနေ ထွက်သွားသတဲ့ကွယ်။

ကျီးမည်းကလေးဟာ ကျီးဖေဖေရဲ့စကားကိုကြားပြီးတဲ့နောက် မိသားစုကို အရွဲ့တိုက်လာသတဲ့ကွယ်။ ကျီးမည်းကလေးဟာ အစာတွေရှာလာပြီး သူ့မိသားစုရှေ့မှာပဲ သူ့သူငယ်ချင်းတွေကို အစာမျှဝေပြီး ကျွေးသတဲ့။

သူငယ်ချင်းတွေက "ဟေ့ကောင် ကျီးမည်းကလေး မင်းဟာ ခွန်အားဗလ၊ ဉာဏ်ပညာကောင်းသလောက် စေတနာကလဲ အလွန်ကောင်းတယ်ကွာ။ မင်းဟာ ငါတို့ရဲ့သူငယ်ချင်းကောင်း၊ ငါတို့ရဲ့သူရဲကောင်း"လို့ ကျီးမည်းကလေးကို မြှောက်ပင့်ပြောဆိုပြီး ကျီးမည်းကလေး ကျွေးသမျှကို အားရပါးရစားသောက်ကြသတဲ့ကွယ်။

ကျီးမည်းကလေးကတော့ သူငယ်ချင်းတွေရဲ့ မြှောက်ပင့်ပြောဆိုတာကို သဘောကျပြီး အရင်ကထက် အစာတွေကိုပိုရှာပိုကျွေးသတဲ့ကွယ်။ ကျီးဖေဖေ၊ ကျီးမေမေနဲ့ ကျီးမောင်နှမတွေကိုတော့ ကျီးမည်းကလေးဟာ ဥပေက္ခာပြုထားသတဲ့ကွယ်။

တစ်နေ့မှာတော့ ကျီးဖေဖေနဲ့ ကျီးမေမေဟာ ရှေ့ဆင့်နောက်ဆင့် သေသွားသတဲ့ကွယ်။ ကျီးမည်းကလေးကတော့ ကျီးဖေဖေနဲ့ ကျီးမေမေ မရှိတဲ့နောက်ပိုင်း မောင်နှမတွေကို ပိုပြီးစိမ်းကားလာသတဲ့ကွယ်။ လမ်းမှာတွေ့ရင်တောင် ကျီးမည်းကလေးဟာ မောင်နှမတွေကို စကားမပြောဘူးတဲ့ကွယ်။

နောက်တစ်နေ့မှာတော့ ညောင်ပင်ကြီးဆီကို ခွန်အားဗလကောင်းတဲ့ မြွေကြီးတစ်ကောင် ရောက်လာသတဲ့။ အဲဒီမြွေကြီးဟာ ညောင်ပင်မှာရှိတဲ့ ကျီးဥတွေကို ဖမ်းယူစားသောက်သတဲ့ကွယ်။ ကျီးကန်းအပေါင်းဟာ ကျီးမည်းကလေးကို အကူအညီတောင်းပြီး မြွေကြီးကို သတ်ပေးဖို့ပြောသတဲ့ကွယ်။ ကျီးမည်းကလေးကလဲ သတ်ပေးဖို့သဘောတူပြီး မြွေကြီးကို စတင်တိုက်ခိုက်သတဲ့ကွယ်။ မြွေကြီးဟာ ကျီးမည်းကလေး သူ့ဆီလာတာကို မြင်တဲ့အခါ ခေါင်းကိုဝပ်ပေးပြီး သူ့ရဲ့အမြီးနဲ့ ကျီးမည်းကလေးကို ရိုက်လိုက်သတဲ့ကွယ်။ ကျီးမည်းကလေးဟာ မြွေကြီးရဲ့အမြီးကို မရှောင်နိုင်ဘဲ အမြီးနဲ့ရိုက်မိပြီး မြွေကြီးရဲ့ရစ်ပတ်တာကို ခံရသတဲ့ကွယ်။

ကျီးမည်းကလေးဟာ ရုန်းလို့မရမှန်းသိတဲ့အခါ သူ့အဖော် သူငယ်ချင်းတွေကို "ငါ့ကို ကယ်ပါအုံး သူငယ်ချင်းတို့၊ ငါ့ကိုကယ်ပါအုံး သူငယ်ချင်းတို့"လို့ အကူအညီတောင်းသတဲ့ကွယ်။ ကျီးမည်းကလေးရဲ့ သူငယ်ချင်းတွေဟာ ကျီးမည်းကလေးကို မကူညီနိုင်ဘဲ မြွေကြီးနဲ့ဝေးရာကို ထွက်ပြေးကြသတဲ့ကွယ်။ အဲဒီအချိန်မှာ ကျီးမည်းကလေးရဲ့ မောင်နှမတွေရောက်လာပြီး မြွေကြီးကို မိမိတို့ရဲ့အတောင်၊ ခြေထောက်တွေနဲ့တိုက်ခိုက်ပြီး မြွေကြီးလက်ထဲက ကျီးမည်းကလေးကိုကယ်ကြသတဲ့ကွယ်။ ကျီးမည်းကလေးဟာလဲ မြွေကြီးရန်က လွတ်မြောက်သွားတာပေ့ါကွယ်။ ကျီးမည်းကလေးဟာ ဖြစ်ပြီးသားအဖြစ်အပျက်ကို သင်ခန်းစာယူပြီး မိမိမှားခဲ့တဲ့အမှားတွေအတွက် မောင်နှမတွေကိုတောင်းပန်ကာ မိသားစုနဲ့အတူ ပျော်ပျော်ရွှင်ရွှင်နေထိုင်သွားသတဲ့ကွယ်။

ပုံပြင်လေးကတော့ ဒါပါပဲ သားသားမီးမီးတို့ရေ။ **"ကျီးမည်းကလေး၏ နောင်တ"** ပုံပြင်ကိုဖတ်ပြီး မိသားစုနဲ့ ချစ်ချစ်ခင်ခင်နေကြပါလို့ ဆန္ဒပြုလိုက်ပါတယ်ကွယ်။

**မောင်ပုည(ဟသ်ာတမြေ)**


## စာကြည့်တိုက်ဆီသို့

♦ စာအုပ်ကောင်းများ ဖတ်ကြမယ်
အသိကြွယ်ဖို့ကွယ်။

♦ အမှောင်ကိုဖယ် အလင်းပေး
စာပေဂုဏ်က မွေး။

♦ ဉာဏ်ရည်ဉာဏ်သွေး တိုးတက်မည်
စာဖတ်ခြင်းမှ သည်။

♦ ဘဝကိုယ်စီ မြင့်မားဖို့
တို့တွေ လှမ်းကြစို့။
စာကြည့်တိုက်ဆီသို့။ ။



**ချမ်းမြေ့(ဇလွန်မြေ)**

## မြန်မာမကလေး

♦ သနပ်ခါးလေး ပါးပေါ်တင်
ဖြီးလိမ်းခြယ်သ အလှပြင်။

♦ ချိပ်ထဘီဆင် ယဉ်ကျေးပ
မြန်မာမလေးဆိုသဗျ။

♦ ရိုးရာအလှ ထိန်းသိမ်းပါ
စိတ်နေရိုးသား လှကဗျာ။

♦ ကမ္ဘာ့လယ်မှာ မှတ်တမ်းရေး
ယဉ်ကျေးမှုနဲ့ တင့်သလေး။
မြန်မာဆိုတာ လှပဂေး။ ။



**သုတလင်း(ဆင်ပေါင်ဝဲ)**

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲဧက ၈၇၅၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲဧက ၈၇၅၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ကုလားပဲ ၁၃၅၅၇၉ ဧက စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ၁၈၃၈၅ ဧက၊ ကနီမြို့နယ်တွင် ၂၅၉၈ ဧက၊ ဆားလင်းကြီးမြို့နယ်တွင်ဧက ၂၅၇၁၀၊ ပုလဲမြို့နယ်တွင် ၄၀၈၀၇ ဧက စုစုပေါင်း ဧက ၈၇၅၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ကုလားပဲ ဧက ၁၃၀၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ဧက ၈၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြောင်း၊ ကုလားပဲတစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျစရိတ် ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# မြန်အောင်မြို့နယ် ကသစ်ကုန်းကျေးရွာ၌ ကျောက်ရောမြေနီလမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး


**မြန်အောင် ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကသစ်ကုန်း ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျေးရွာတွင်း ကျောက်ရောမြေနီ လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်နှင့် တာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းအဖွဲ့ဝင်များနှင့်အတူ ကသစ်ကုန်းကျေးရွာ၌ ကျေးရွာတွင်း ကျောက်ရောမြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေး လုပ်ငန်များကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေး မှာကြားသည်။

မြန်အောင်မြို့နယ် ကသစ်ကုန်းကျေးရွာ၌ လမ်းအရှည်ပေ ၁၀၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိ ကျောက်ရောမြေနီလမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေ ကျပ် ၃ သန်း စုစုပေါင်း ၁၈ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**သံသာ**
















## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက် ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

❖ မိမိတို့နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒမှာလည်း ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံမှုရှိသည့် နိုင်ငံခြားရေးမူဝါဒကို ချမှတ်ထားပြီး အဆိုပါအချက်ပေါ်တွင် အလေးအနက်ထားစဉ်းစားပြီး ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး၊ ဖက်ဒရယ်နိုင်ငံတည်ဆောက်ရေးများကို ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန်လို...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင်ပြုလုပ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ၁၀ နှစ်ပြည့်နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

**နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား**

စာမျက်နှာ - ၂၀

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## မင်းဘူးမြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

**မိမိတို့ဒေသကို ချစ်သည့်စိတ်၊ နိုင်ငံကောင်းရာကောင်းကျိုးကို လိုလားသည့်စိတ်များဖြင့် ဒေသနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြစေလို**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မင်းဘူးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME)စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မင်းဘူးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊အသေးစား၊အငယ်စားနှင့် အလတ်စား (MSME)စီးပွားရေးလုပ်ငန်းရှင်များနှင့် ယနေ့နံနက်ပိုင်းတွင် မင်းဘူးမြို့ သာသနာ့ဗိမာန်တော်ရှိ မင်းပူးဦးသြဘာသခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

KK Park နယ်မြေ၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို မီးရှို့ဖျက်ဆီး၊ မြဝတီမြို့အတွင်း တရားမဝင်ပြည်ပနိုင်ငံသားများနှင့် တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိ

စာမျက်နှာ - ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နှင့် သီပေါမြို့တို့မှ ပြည်သူများကို အနုပညာရှင်များ ဆက်လက်ဖျော်ဖြေတင်ဆက်

စာမျက်နှာ - ၂၂

၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲပြီးဆုံး၊ မြန်မာနိုင်ငံက ရွှေ သုံးခု၊ ငွေ ၂၁ ခု၊ ကြေး ၄၉ ခုဖြင့် နိုင်ငံအလိုက် အဆင့်(၇)နေရာတွင် ရပ်တည်ခဲ့

စာမျက်နှာ - ၈